မြန်မာ့အလင်း

၁၂၇၅ ခုနှစ်၊ ကဆုန်လဆည်းဆောင်းသည်။
Established 1914

၁၃၇၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇွန် ၁၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၅၂)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်မွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသား မြန်လည် စည်လုံး ညီညွတ်ရေး
* နိုင်ငံဘသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်ဆောင်တည်ဆောက်ရေး
* ရေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဆောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုမြင့်မားသည့် နိုင်ငံတော် နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်ထွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဓာတ်ဂုဏ် မြင့်မားရေး နှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရင်သန်ထက် မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြွရွှင်ရေး နှင့် ပညာရည်မြင့်မားရေး

သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါရာဂျာပက်ခ်စာ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း

သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါရာဂျာပက်ခ်စာ

သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ၏ ဇနီး မစ္စက်ရီရန်သီရာဂျာပက်ခ်စာ

မစ္စတာမဟင်ဒါရာဂျာပက်ခ်စာသည် ကိုလံဘိုဥပဒေကောလိပ်မှ ဥပဒေဘွဲ့ရရှိခဲ့ပြီး ၁၉၇၀ပြည့်နှစ်တွင် SLFP ပါတီကို ကိုယ်စားပြုသော အသက်အငယ်ဆုံး ပါလီမန်အဖွဲ့ဝင်တစ်ဦးဖြစ်လာခဲ့သည်။ ၁၉၇၇ ခုနှစ် ရွေးကောက်ပွဲတွင် UNP ပါတီမှ တစ်ခဲနက် အနိုင်ရခဲ့သဖြင့် ၄ှင်း၏ပါလီမန်အမတ်နေရာကို ဆုံးရှုံးခဲ့ရပြီး နောက်ပိုင်းတွင် ၁၉၇၇ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ တောင်ပိုင်းမြို့တစ်မြို့ဖြစ်သော တန့်ဂဲလ်ဒ်၌ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။

၁၉၉၄ ခုနှစ် နိုဝင်ဘာလတွင် SLFP မှ မစ္စက်ချန်ဒရီကာ ကုမာရတုန်ဂါသည် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ လေးဦးမြောက် သမ္မတဖြစ်လာသောအခါတွင် ၄ှင်းသည် သမ္မတ၏ အစိုးရအဖွဲ့တွင် အလုပ်သမားနှင့် အသက်မွေးဝမ်းကျောင်းပညာလေ့ကျင့်ရေးဝန်ကြီးနှင့် ရေလုပ်ငန်းဝန်ကြီး အဖြစ် ၁၉၉၄ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ၄ှင်းသည် အလုပ်သမားဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ်တွင် အများပြည်သူဆိုင်ရာနှင့် ပုဂ္ဂလိကကဏ္ဍများမှ အလုပ်သမားပြဿနာများစွာကို ဖြေရှင်းပေးနိုင်ခဲ့သည်။ သမ္မတ မစ္စက်ချန်ဒရီကာ ကုမာရတုန်ဂါ၏ အစိုးရအဖွဲ့သို့ အလုပ်သမားပဋိညာဉ်တစ်ခု ရေးဆွဲတင်ပြခဲ့ပြီး ကျေးရွာများတွင် လေ့ကျင့်ရေးဌာနပေါင်း ၃၀၀ ကျော်ဖွင့်လှစ်ပြီး အသက်မွေးဝမ်းကျောင်း အာဏာပိုင်အဖွဲ့ကို တည်ထောင်ပေးခဲ့ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းနယ်ပယ်ကို အားသစ်လောင်းပေးခဲ့သည်။ ရေလုပ်ငန်းဆိုင်ရာ ဝန်ကြီးအဖြစ် ၄ှင်းသည် အဏ္ဏဝါသိပ္ပံတက္ကသိုလ်တစ်ခုကို ဖွင့်လှစ်ပေးခဲ့ပြီး ကမ်ဘိုးတန်းစောင့် အဖွဲ့တစ်ခုကိုလည်း ဖွဲ့စည်းပေးခဲ့သည်။

ထို့နောက် SLFP ပါတီ၏ ပါရဂူဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခြင်းခံရပြီး ၂၀၀၄ ခုနှစ်တွင် SLFP ပါတီခေါင်းဆောင်သော ညွှန့်ပေါင်းအစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ မစ္စတာ မဟင်ဒါရာဂျာပက်ခ်စာသည် ၂၀၀၅ ခုနှစ် နိုဝင်ဘာလတွင်ပြုလုပ်သော ပြည်လုံးကျွတ်ရွေးကောက်ပွဲမှ သမ္မတဖြစ်လာခဲ့ပြီး ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ ပဥမမြောက်သမ္မတ အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

မစ္စတာ မဟင်ဒါရာဂျာပက်ခ်စာသည် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ချိန်မှ ယနေ့အထိကာလ အတွင်း ကျေးလက်နှင့် ဖြိုပြင်ယ်များတွင် သတင်းနည်းပညာကဏ္ဍ တိုးတက်ရေးကိုဆောင်ရွက်ခဲ့ပြီး နိုင်ငံ၏ အခြေခံအဆောက်အအုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အဓိကစိမ်ကိန်းများစွာကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ၄ှင်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသုံးယောက်ရှိသည်။ ဇနီး မစ္စက် ရီရန်သီရာဂျာပက်ခ်စာသည် လူမှုဝန်ထမ်းစိတ် ထက်သန်သူတစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

ကြည့်ရှုစဉ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အင်းစိန်စက်ခေါင်းစက်ရုံတွင် ကြည့်ရှုစဉ်ဆေးစဉ်။ (ရထား)

ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အင်းစိန် စက်ခေါင်းစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၁၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ယနေ့နံနက်ပိုင်းတွင် အင်းစိန်စက်ခေါင်းစက်ရုံသို့ ရောက်ရှိလာရာ အစည်းအဝေးခန်းမ၌ ဝန်ကြီးအား အထွေထွေမန်နေဂျာ (စက်ရုံ) ဦးစောဗယ်လင်တိုင်းက စက်ခေါင်းအသစ် ထပ်မံတည်ဆောက်နေမှုနှင့် ၂၀၀၉ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တိုးချဲ့ဆောင်ရွက်

ထို့နောက် ဝန်ကြီးက နိုင်ငံတော် အစိုးရအနေဖြင့် ပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ပေးနိုင်ရန် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ မြန်မာ့မီးရထားအနေဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးကို အရေအတွက်ရော အရည်အချင်းပါ မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ အင်းစိန်စက်ရုံသည် မြန်မာ့မီးရထား စက်ခေါင်းအရေအတွက် တိုးတက်ရေးအတွက် လက်ရှိ စက်ခေါင်း မွမ်းမံပြင်ဆင်ခြင်းသာမက စက်ခေါင်းသစ် တည်ဆောက်ရေးကဏ္ဍသစ်တစ်ရပ်ကိုပါ တိုးချဲ့ဆောင်ရွက်လျက် သမိုင်းကဏ္ဍသစ်ကို ဖွင့်လှစ်ရမည်ဖြစ်ကြောင်း၊ တစ်နှစ်ထက် တစ်နှစ် ထုတ်လုပ်မှုများကို *စာမျက်နှာ ၃ ကော်လံ ၁* ●

မြန်မာ့အလင်း

အယ်ဒီတာ အစောင်

(၂၀၀၉ ခုနှစ် ဇွန် ၁၄ ရက်)

နယ်စပ်ဒေသများ ပညာရေးအခွင့်အလမ်းပွင့်လန်း
နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ တိုးမြှင့်ဖော်ဆောင်

နိုင်ငံတော်အဆိုးရသည် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကို အစီအစဉ်တကျ ချမှတ်ဖော်ဆောင်လျက်ရှိသည်။

နယ်စပ်ဒေသများသည် ပထဝီဝင်အနေအထားအရ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသော်လည်း ၁၉၉၀ခုနှစ်နောက်ပိုင်း တပ်တော်အဆိုးရလက်ထက် လမ်း၊ တံတားများ၊ ဆေးရုံ၊ ဆေးပေးခန်းများ ဆောက်လုပ်တည်ဆောက်ပေးခဲ့၍ လမ်းပန်းဆက်သွယ်ရေး တိုးတက်လာခဲ့သည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို ၁၉၉၀ခုနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ ဖြစ်ထွန်းလျက်ရှိပြီး ဖွံ့ဖြိုးမှုအသီးအပွင့်များကို ဒေသခံတိုင်းရင်းသားပြည်သူများ ခံစားနေကြရပြီဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရသည် မျိုးဆက်သစ်လူငယ်များကို ခေတ်မီသိပ္ပံနှင့် နည်းပညာများ၊ တတ်သိကျွမ်းကျင်ပြီး စွမ်းရည်ထက်မြက်မြင့်မားသည့် အသိပညာနှင့်အတတ်ပညာများ ဖြစ်ထွန်းရန် ပြုစုပျိုးထောင်လျက်ရှိရာ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များအတွက် တိုင်းရင်းသားလူငယ် ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်တို့ကို ဖွင့်လှစ်သင်ကြားပို့ချပေးလျက် ရှိသည်။

နယ်စပ်ဒေသ ကလေးသူငယ်များအတွက် ပညာရေးအခွင့်အလမ်းများ ဖြစ်ပေါ်လာစေရန်၊ ပညာသင်နိုင်ရန် အခွင့်အလမ်းနည်းပါးသည့် တိုင်းရင်းသားလူငယ်များ စရိုတ်ငြိမ်း ပညာသင်ယူနိုင်ရန်အတွက် နယ်စပ်ဒေသတစ်လျှောက်၌ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၈ကျောင်းကိုလည်း ဖွင့်လှစ်ပညာသင်ကြားပေးလျက် ရှိသည်။

နယ်စပ်ဒေသနေ တိုင်းရင်းသားများ ဘဝရပ်တည်မှုရရှိနိုင်ရန် သက်ဓွေးဝမ်းကျောင်းပညာ ဆည်းပူးရန် တိုင်းရင်းသား အမျိုးသမီးငယ်များအတွက် အမျိုးသမီးအိမ်တွင်းမှု သက်ဓွေးလုပ်ငန်းပညာသင်တန်းကျောင်း ၃၄ကျောင်းကိုလည်း ဖွင့်လှစ်ထားရှိပေးပြီး တိုင်းရင်းသားလူငယ်မောင်မယ်များအတွက် လောက်ကိုင်၊ ပန်ဆန်းနှင့် မိုင်းလားမြို့များ၌ စက်မှုလက်မှုပညာသင်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ခုလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများကို တည်ဆောက်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စု စိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်သွားကြရမည့်တာဝန်မှာ အမျိုးသားရေးတာဝန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၆-၂၀၀၉ (တနင်္ဂနွေ)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော် +ပရိတ်မိုဃ်ါနိုး၊ မင်္ဂလာသုတ်

၅း၁၅ MRTV-4 သတင်း

၆း၀၀ ပြဟ္မာလူနာတ် ပုဓော်အင်္ဂါ၏ တရားတော် (ဆရာတော်မဓုဒ္ဓတ အရှင်ဆေတိန္ဒ)

၆း၃၀ ဖူးမည်အမှန်…ထူးမည်နောက် မာရ်ဝါးမာရ်

၇း၀၀ MRTV-4 သတင်း

၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်

၈း၀၀ MRTV-4 ရုပ်သံစာတ်လမ်းတွဲ **ရွှင်သန်လာသောနှလုံးသား** (အပိုင်း-၃၀)

၈း၃၀ Sunday Talk [ကိုကို(စက်မှုတက္ကသိုလ်) ဏိုးမြတ်သူ]

၉း၁၅ လက်သည်းပန်းချီ (အပိုင်း-၂)

၉း၃၀ Sports World (Sunday Special)

၁၀း၀၀ အဝတ္ထုခြင်းကို ရောင်မှသာ သွယ်လျရုင်းကြေကျန်းမာမှာ

၁၀း၂၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်စေးအရသာ (ဂီတရိပ်သာ)

၁၀း၄၀ မေတ္တာနှလုံးသားပိုင်ရှင်များ

၁၁း၀၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ငါးခြောင်းဟင်းချိုနှင့်ဝက်သားလုံးခြေသုံးခေါင်း)

၁၁း၅၅ ဖျေးဝယ်လမ်းညွှန် (ကမ္ဘာ့အေးဂမုန်းပွင့်မြေညီထပ်)

၁၁း၃၀ ဝီဒီယိုပြခန်း

၁၂း၀၀ Activities in The City (ကျန်းမာရေးအသိပညာပေး ဟောပြောပွဲ)

၁၂း၂၅ နတ်လူသာခုခေါ်စေသော် ခေတ်သစ်ပိုင်းမုခိုင်သိန်း၊ သက္ကိုးစော (ဒါရိုက်တာ-သော်ကိုကိုကျော်)

၁၂း၄၅ တေးဂီတအစီအစဉ်

၁း၀၀ ပြဟ္မာလူနာတ် ပုဓော်အင်္ဂါ၏ တရားတော် (ဆရာတော် မဓုဒ္ဓတ အရှင်ဆေတိန္ဒ)

၁း၃၅ ဖူးမည်အမှန်…ထူးမည်နောက် မာရ်ဝါးမာရ်

၂း၀၀ MRTV-4 သတင်း

၂း၃၅ MRTV-4 ကျန်းမာရေးကဏ္ဍာ (သွေးလူဒါန်းခြင်းဆိုင်ရာ သိကောင်းစရာများ)

၂း၄၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ 'ချဲ့ဂီး'

၃း၁၅ အလှလွန်ခြင်းကိုရောင်မှသာ သွယ်လျရုင်းကြေကျန်းမာမှာ

၃း၃၅ ယုဇနာဘက်ရှဲ စိုက်ပျိုးရေးစီမံကိန်း စက်မှုကုန်ကြမ်း သီးနှံစိုက်ပျိုးရေး (ဦလောဝိန်)

၄း၃၅ ရန်ကုန်မြင်ကွင်းကျယ် (မီးခွက်စောင့် ဘီလူးပြဓာတ်)

၅း၀၅ V J Choice

၅း၃၀ Sports World (Sunday Special)

၆း၀၀ MRTV-4 သတင်း

၆း၁၅ မြန်မာ့သမုဒ္ဒါ၊

၆း၃၀ World of Knowledge (Interpol Investigates; Terror in the skies)

၇း၀၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ငါးခြောင်းဟင်းချိုနှင့်ဝက်သားလုံးခြေသုံးခေါင်း)

၇း၃၀ ဖျေးဝယ်လမ်းညွှန် (ကမ္ဘာ့အေးဂမုန်းပွင့်မြေညီထပ်)

၈း၀၀ MRTV-4 သတင်း

၈း၃၀ မနန္ဒလေး ဂျွတ်ညနှင့် တင်တင်မြ

၉း၀၅ လက်သည်းပန်းချီ (အပိုင်း-၂)

၉း၂၀ MRTV-4 ကျန်းမာရေးကဏ္ဍာ (သွေးလူဒါန်းခြင်းဆိုင်ရာ သိကောင်းစရာများ)

၉း၄၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ 'ချဲ့ဂီး'

၉း၁၅ အလှလွန်ခြင်းကိုရောင်မှသာ သွယ်လျရုင်းကြေကျန်းမာမှာ

၉း၃၅ ယုဇနာဘက်ရှဲ စိုက်ပျိုးရေးစီမံကိန်း စက်မှုကုန်ကြမ်း သီးနှံစိုက်ပျိုးရေး (ဦလောဝိန်)

၉း၄၅ ရန်ကုန်မြင်ကွင်းကျယ် (မီးခွက်စောင့် ဘီလူးပြဓာတ်)

၁၀း၀၅ V J Choice

၁၀း၃၀ Sports World (Sunday Special)

၁၁း၀၀ MRTV-4 သတင်း

၁၁း၁၅ မြန်မာ့သမုဒ္ဒါ၊

၁၁း၃၀ World of Knowledge (Interpol Investigates; Terror in the skies)

၁၂း၀၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ငါးခြောင်းဟင်းချိုနှင့်ဝက်သားလုံးခြေသုံးခေါင်း)

၁၂း၃၀ ဖျေးဝယ်လမ်းညွှန် (ကမ္ဘာ့အေးဂမုန်းပွင့်မြေညီထပ်)

၁း၀၀ MRTV-4 သတင်း

၁း၃၀ မနန္ဒလေး ဂျွတ်ညနှင့်တင်တင်မြ

၂း၀၀ Sports World (Sunday Special)

၂း၃၀ MRTV-4 ရုပ်သံစာတ်လမ်းတွဲ **ရွှင်သန်လာသောနှလုံးသား** (အပိုင်း-၃၀)

၃း၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ကာလပေါ်စေးအရသာ (ဂီတရိပ်သာ)

၃း၂၀ ကဏ္ဍာစံလင်း အားကစားအစီအစဉ် (2009 Toulon Youth Football Festival)

၅း၂၀ မေတ္တာနှလုံးသား ပိုင်ရှင်များ

၅း၂၅ Activities in The City (ကျန်းမာရေးအသိပညာပေး ဟောပြောပွဲ)

၅း၅၅ ယုဇနာဘက်ရှဲ စိုက်ပျိုးရေးစီမံကိန်း စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးရေး (ဦလောဝိန်)

၆း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်ပြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
မန္တလေးပြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၁၄-၆-၂၀၀၉ (တနင်္ဂနွေ)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်

၇း၀၅ ၂။ အဖွင့်သီချင်း

၇း၁၀ ၃။ မျိုးချစ်တပ်မတော်

၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံဖွတ်တမ်း

၇း၃၀ ၅။ မြန်မာ့စဉ်ဆက်မှုများ

၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို့အစားအရေးအတိုး ပြိုင်ပွဲအစီအစဉ်**

၇း၅၀ ၇။ သာယာသီကြွေခေတ်ဆန်းတေး

၈း၅၅ ၈။ အမျိုးသားရေးတေးကဏ္ဍာ

၉း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း

၉း၁၀ ၁၀။ အမျိုးသားရေးတေးကဏ္ဍာ

ဆရာဝန်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်

၁၁း၀၅ ၂။ အဖွင့်သီချင်း

၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်

၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **ပြိုပ်ကမ္ဘာမှသတ္တဝါများ** (အပိုင်း-၁၂)

၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ကလေးကိုင်ငယ်ယ**

၁၃း၃၀ ၆။ ကျန်းမာသုတ

၁၃း၄၅ ၇။ ရသစိုးရုပ်မြင်စုံတော် **ဆောင်နဲ့သာဆိုရင်** (အပိုင်း-၅၆)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်

၄း၀၅ ၂။ အဖွင့်သီချင်း

၄း၁၀ ၃။ မျိုးချစ်တပ်မတော်

၄း၂၀ ၄။ ချိုခြဲလက်သုံးဖိုရိုးညောင်းဟန်

၄း၄၅ ၅။ မြန်မာ့စဉ်ဆက်မှုများ

၄း၅၀ ၆။ သာယာသီကြွေ ခေတ်ဆန်းတေး

၅း၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ

၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း

၆း၁၀ ၉။ နိုင်ငံတကာသတင်း

၆း၂၀ ၁၀။ အမျိုးသားရေးတေးကဏ္ဍာ

၆း၃၀ ၁၁။ လျှပ်တစ်ပြက်

၆း၄၅ ၁၂။ ဂင်းနက်စ်ကမ္ဘာစံချိန်တင် ပြိုင်ပွဲများ

၇း၀၀ ၁၃။ ရသစိုးရုပ်မြင်စုံတော်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၅၉)

၈း၁၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း

၁၅။ မိုးလေဝသသတင်း

၁၆။ အမျိုးသားရေးတေးကဏ္ဍာ

၁၇။ ပဟေဠိနန်းတော်

၁၈။ ကျန်းမာသုတ

၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်

၂၀။ ရသစိုးရုပ်မြင်စုံတော်လမ်း **တရားရှင်နှင့် ကျန်ကျောင်း** (အပိုင်း-၁၈)

ဘင်္ဂလားရေနှင့်အွန်ဝန်ကြီးဌာန ပိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၁၃

ဘင်္ဂလားရေနှင့်အွန်ဝန်ကြီးဌာန ၂၀၀၉ခုနှစ် ပထမအကြိမ် ပိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော် ဘဏ်များစုရုံး မြဝတီပန်းသစ်ဝမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် နေပြည်တော်ဘဏ်ခွဲများကြီးပရာ ဘင်္ဂလားရေးနှင့် အွန်ဝန်ကြီးဌာနမန်ကြီး ဗိုလ်ချုပ်လှထွန်းက စိန်ဘလုံးသရက်နှင့် ကုံကော်ပင် (**အောက်ဝဲ**)များကို စိုက်ပျိုးပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ ရသုံးဖုန်းခွေစေရင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများက အဝိုလ်ရလေကာပင်များ၊ စားပင်၊ သီးပင်၊ နှစ်ရှည်ပင်များကို တမျော်တပါး စိုက်ပျိုးကြသည်။ ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်အွန်ဝင်များသည် ခနသိဒ္ဓိရပ်ကွက်နှင့် ပညာသိဒ္ဓိရပ်ကွက်တို့ရှိ ဘင်္ဂလားရေးနှင့် အွန်ဝန်ကြီးဌာနမှ ဝန်ထမ်းဝိဝိရဝုများ၌ စားပင်၊ သီးပင်၊ နှစ်ရှည်ပင် စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး အရိပ်ရလေကာပင်များကို စိုက်ပျိုးပေးကြသည်။

စိုက်ပျိုးပေး

ဆက်လက်၍ ရသုံးဖုန်းခွေစေရင်းဦးစီးဌာန၏ စားပင်၊ သီးပင်၊ နှစ်ရှည်ပင်စိုက်ခင်း၊ ပြည်တွင်းအွန်များဦးစီးဌာန၏ နှစ်ရှည်ပင် စိုက်ခင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကျွန်း၊ ပိတောက်၊ စိန်တလုံးသရက် စိုက်ခင်းတို့၌ အရာထမ်း၊ အမှုထမ်းများ၏ စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကြပြီး ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက စိန်တလုံးသရက်ပင်ကို စိုက်ပျိုးပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ အရာထမ်း၊ အမှုထမ်းများသည် အရိပ်ရလေကာပင်များ၊ စားပင်၊ သီးပင်၊ နှစ်ရှည်ပင်များကို တပျော်တပါး စိုက်ပျိုးပေးကြသည်။

ဇွန် ၁၂ရက်ကကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ နိန်းမန်း၊ ကုက္ကို၊ မန်ကျည်း၊ ပိတောက်၊ မောက်ဇနီ၊ ဆီသပြေ၊ ကုံကော်၊ ခရေ၊ တမာ၊ ငုရွေဝါ၊ သင်္ဘော၊ သရက်၊ ပိန္နဲ စုစုပေါင်းအပင် ၁၁၅၀ စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် မြန်မာ့အသံ

(တနင်္လာနေ့-နံနက်+နေ့လယ်+ည)

(၁၅-၆-၂၀၀၉)

၇း၀၀ အဖွင့်တီးလုံး+နုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်

၇း၁၅ တရားတော် (ပုဓုဏ္ဍာသုတ်) ဓမ္မပုဇာထေးပေသော

၇း၃၀ (၃၀)မြောမင်္ဂလာ

၇း၃၅ နံနက်ခင်းတေးပေသော

၈း၁၀ စံတော်ချိန်+သတင်းဆောင်းပါး

၈း၁၀ နံနက်ခင်းတေးပေသော ၉း၀၀ အစီအစဉ်ပြီး၏။

၁၀း၀၀ အမှတ်တရတေးလက်ဆောင်

၁၀း၃၀ သတင်းစာအာဘော်

၁၀း၃၅ တေးပေသော

၁၀း၄၅ လယ်ယာစီးပွား (မြေဖဲမိုက်ပါ တို့ကျေးရွာ)

၁၁း၅၅ တေးသီချင်း

၁၁း၀၀ ဓနဆိုင်းသတင်း

၁၁း၁၀ မေတ္တိုဟ်တာအလှကမ္ဘာ (တောက်ပတဲ့မျက်ဝန်းလေးတွေ ပိုင်ဆိုင်စေဖို့)

၁၁း၂၀ နေ့လယ်ခင်းတေးပေသော

၁၁း၃၀ သီပို့ပညာသိကောင်းစရာ (အာကာသလေ့လာရေး)

၁၁း၄၀ တေးပေသော

၁၂း၀၀ စံတော်ချိန် အလှမ်းကိုင်းအဝှေ့ (ဆရာတော် ဓမ္မဒဿီ အရှင်ဥတ္တမ)

၁၂း၂၀ အားကစားသတင်းပေသော

၁၂း၅၀ ဓနလယ်ခင်းတေးပေသော

၁၃း၀၀ ဓနဆိုင်းသတင်း

၁၃း၂၀ သောတရှင်လိုရာတေး

၁၃း၃၀ သန်ခွစ်းကျန်းမာကိုယ်ခန္ဓာ (အားကစားလေ့ကျင့်စဉ်အချိန်ကို အတွင်း ရေအေးကြော်အမြီး မသောက်ပါနှင့်)

၁၄း၃၀ ဇာနည်စစ်သည်တေးပန်းချီ

၁၄း၅၅ သတင်းစာဆောင်းပါး

၁၅း၃၀ ညနေခင်းတေးပေသော

၁၈း၀၀ ညနေခင်းသတင်း

၁၈း၁၀ တေးချစ်သူရွေးသီတေးပန်းချီ တေးပေသော

၁၉း၀၀ နိုင်ငံတကာသတင်း

၁၉း၁၅ ရေဒီယိုအတိုက်တေးအရိပ် နိုင်ငံရေးဦးတည်ချက် ညနေခင်းတေးပေသော

၁၉း၅၅ ဟာယဆွဲဆေး (လူရွှင်တော် ပေါ်လေးနှင့်အဖွဲ့၏ ဟာဃ)

၂၀း၃၀ တေးပေသော

၂၀း၀၀ ပြည်တွင်းသတင်း

၂၀း၁၀ ချမ်းမြေသာယာသီရိဧကဟာ (ဇနီးကောင်းတို့၏အကျင့်သိက္ခာ) စီးပွားရေးဦးတည်ချက် တေးပေသော

၂၁း၀၀ သီချင်းကြီး

၂၁း၁၅ လူမှုရေးဦးတည်ချက် ခံစားနားဆင်မြန်မာတေးသံစဉ်

၂၁း၃၅ တေးပေသော

၂၂း၀၀ အစီအစဉ်ပြီး၏။

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

နေပြည်တော် ဇွန် ၁၃

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဇွန် ၉ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် ပေါင်မြို့နယ် ကျွဲခြင်ကျေးရွာ၌ ကျေးရွာလူထု၊ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး လိုအပ်ချက်များ ပြည့်ဆည်းပေးကာ အိမ်သုံးပစ္စည်းများနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။

ပုံပြည့်ဆည်း

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် သထုံမြို့နယ် သိမ်ဆိပ်ကျေးရွာ၌ ဒေသခံရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကျောင်းသုံးဗလာစာအုပ်များနှင့် စာသင်ခုံများ ပေးအပ်လှူဒါန်းသည်။

ဝန်ကြီးသည် ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် ဘီးလင်းမြို့နယ် အလူးလေးကျေးရွာ၌ အလူးလေးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ကျေးရွာများအတွက် အိမ်သုံးပစ္စည်းများနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် အလူးလေးကျေးရွာအခြေခံပညာအထက်တန်းကျောင်း စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ကူညီပံ့ပိုးပေးသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဝန်ကြီးသည် ကျိုက်ထိုမြို့နယ် ကော့ထင်းကျေးရွာ၌ ဒေသခံတာဝန်ရှိသူများ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအားတွေ့ဆုံ၍ ဒေသခံများ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ တင်ပြချက်အပေါ် ဝန်ကြီးက ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အိမ်သုံးကုန်ပစ္စည်းများနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

● ရန်ဖုံးမှ

ကိုးဆဲရာတွင် အရည်အသွေးကိုပါ မြှင့်တင်ပေးနိုင်ရန်အတွက် စက်ရုံတွင်း သင်တန်းများ၊ စက်ရုံပြင်ပလုပ်ငန်း ဆိုင်ရာ သင်တန်းများ(Quality Circle) ဆွေးနွေးပွဲများကိုပါ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် စက်ရုံအတွင်း မြန်မာစီးရထားမှ ကိုယ်ပိုင် တည်ဆောက် အသုံးပြု ပြေးဆွဲလျက်ရှိသည့် DF-1200.01 နှင့် DF-1200.02 စက်ခေါင်းသစ်နည်းတူ ယခုထပ်မံ၍ တည်ဆောက်လျက်ရှိသော DF-1200.03, DF-1200.04 များ၏ တည်ဆောက်နေမှုအခြေအနေ၊ နောက်ထပ်စက်ခေါင်းသစ်များ တည်ဆောက်သည့်အစီအစဉ်များကို လည်းကောင်း၊ ငါးနှစ်တာစီမံ ပြုလုပ်ရမည့် အကြီးတန်းမွမ်းမံမှု ဆောင်ရွက်နေသော စက်ခေါင်းများ၊ တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် အင်ဂျင်သစ်များဖြင့် အစားထိုး၍ ခွမ်းအားဖြင့်တင်ရန် စက်ခေါင်းများ ဆောင်ရွက်နေမှုနှင့် တရုတ်နိုင်ငံမှ လက်ဆောင်အဖြစ်ပေးအပ်သော(SIFANG 1100 HP) ရှိ စက်ခေါင်းအမှတ် DD-1111 ဒီဇယ် ဟိုက်ဒရောလစ်စက်ခေါင်း၏ စက်ခွမ်းအား အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်ပင်ကို နှစ်စဉ်ခိုက် ရွှေတိုက်ကိုစိုး

မြန်မာ့အသံ အင်တာနက်ကျန်းမာရေး

နံနက်ခင်းနေရောင်ခြည်ကို ၁၀မိနစ်ခန့် ထိတွေ့ပေးပါလျှင် ခါးနာရောဂါဖြစ်ပွားမှု လျော့ကျစေနိုင်ဟုဆို

နံနက်ခင်း နေရောင်ခြည်ကို ၎င့်တွင် ၁၀ မိနစ်ထိတွေ့ပေးပါက ခါးနာရောဂါဖြစ်ပွားမှုနှင့် ခါးရိုးကျိုးပေါင်းတက်ရောဂါများ ဖြစ်ပွားခြင်းကို ကာကွယ်ပေးနိုင်ကြောင်း အမေရိကန်ဆေးသိပ္ပံပညာရှင်များက ထောက်ခြားသည်။

နေရောင်ခြည်ထိတွေ့မှု

နေ့စဉ် နေရောင်ခြည်ထိတွေ့မှုခံယူရာတွင် နံနက် ၇နာရီခွဲမတိုင်မီ နေရောင်ခြည်ကို ရောက်ကျောအပါအဝင် ခန္ဓာကိုယ်ရှေ့ပိုင်း၊ ရောက်ပိုင်းအား ၁၀ မိနစ်ခန့် ကြာ၍ ထိတွေ့ခံယူပေးခြင်းပင်ဖြစ်သည်။ ခရစ်လွန်နေရောင်ခြည်မှာ အန္တရာယ် ပေးနိုင်သည်။

ကိုယ်လက်လှုပ်ကျွံခန်း

ထိုသို့ နေရောင်ခြည်ကို ထိတွေ့ခံယူရာတွင် နေရောင်ခြည်အောက်၌ လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းဖြလုပ်ခြင်းတို့သည် ပိုမို ကောင်းမွန်သော ကျန်းမာရေးအထောက်အကူပြုမှုများပင် ဖြစ်သည်ဟုဆို၏။

ကျောရိုးနှိပ်မှ

နံနက်ခင်းနေရောင်ခြည်ထိတွေ့ခြင်းနှင့် နေရောင်ခြည်တွင်းပါဝင်သော ဗီတာမင်ဒီကို ပြည်ဝဝလုံလောက်စွာရရှိစေပြီး ကျောရိုးနှင့် ခါးရိုးများသန်မာခိုင်မာစေကြောင်း၊ ထို့အတူ ခါးရိုးကျိုးပေါင်းတက်မှုကိုလည်း လျော့ကျစေကြောင်း အမေရိကန်ဆေးသိပ္ပံပညာရှင်များက အကြံပြုထားသည်။ ။

ငါးရစ်ငါးသန် ကာကွယ်ထိန်းသိမ်းရေး ဝေါမြို့နယ်၌ဟောပြော

ဝေါ ဇွန် ၁၃

ဝေါမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ဝေါမြို့နယ် ကမ္ဘိလှကျေးရွာတွင် သဘာဝသယံဇာတထိန်းသိမ်းရေး၊ တရားမဝင် ငါးဖမ်းနည်းများဖြင့် ငါးမမွေးဆီးရေး၊ ငါးရစ်ငါးသန်ကာကွယ်ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲနှင့် တရားမဝင် ငါးဖမ်းကိရိယာများ အပ်နှံပွဲအခမ်းအနားကို ဇွန်၂ရက် နံနက်ဝနာရီက ကမ္ဘိလှကျေးရွာ၌ ကျင်းပခဲ့သည်။

ရှင်းလင်း

အခမ်းအနားသို့ ဝဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်မြင့်သိန်း၊ ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်သန်းသန်းဆင့်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသက်ဆေးနှင့် ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျိုက်လှကျေးရွာမှ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲဝင်များ၊ ရေလုပ်သားများ (အပေါ်ပံ့) စုပေါင်းတက်ရောက်ကြပြီး ငါးရစ်ငါးသန် ကာကွယ်ထိန်းသိမ်းရေးအတွက် ပညာပေးဟောပြောပွဲခဲ့ပြီး ခရိုင်ငါးလုပ်ငန်း အဖွဲ့ချုပ်မှ ငါးဖမ်းပိုက်ပေးလှူခြင်းအကြောင်းကို ရှင်းလင်းကာ ကျေးရွာအတွင်း၌ ရေလုပ်သားများအား ငါးဖမ်းကိရိယာ အစုံ ၄၅ စုကို ငါးလုပ်ငန်းဦးစီးဌာနသို့ တရားဝင်အပ်နှံပေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန)

ဗလားဝါးနယူးစ်ဂျာနယ် အတွဲ(၅) အမှတ်(၂၂)ထွက်ရှိ

ရန်ကုန် ဇွန် ၁၃

ယခုအပတ်ထုတ် ဗလားဝါးနယူးစ်ဂျာနယ် အတွဲ(၅) အမှတ်(၂၂)၌ တကောင်းကို သုတေသနပြုကူးမော်ခဲ့တဲ့ဆရာချစ်စံဝင်း၏ "မြန်မာ့အစကိုရွာမွေခြင်း"၊ အထပ်မြင့် အဆောက်အအုံတွေကိုပြုပျက်အောင် အပြိုရှိပြင့်ဝဝ်တိုက်နိုင်သည့် "လေထုထဲက အနီရောင်ဘာလုံးအကြောင်း သိကောင်းစရာ' Myanmar DISCOVERY၊ အကွဲကွဲအပြဲပြဲတွေကို တွေ့မြင်ကြဲတွေ့ဖူးခဲ့တဲ့ ဆရာမနီးတင်၏ "ညီညွတ်ရေး' Myanmar CHANNEL၊ ခေတ်မော်နူသိုးပညာနှင့် ကားမောင်းခြင်းကိုနှစ်ခြိုက်သော ဂိမ်းဝါသနာရှင်များအတွက် ' Burnout PARADISE ဂိမ်းသုံးသပ်ချက်' Tech VIEW ကဏ္ဍာ၊ အစားအသိပ်သင့်စေသော ဇက်တီးစီးယားပိုးသယ်ဆောင်ခြင်း ရှိ/မရှိပုံတယ်၊ စားသောက်ဆိုင်ဝန်ထမ်းများနှင့် ကျောင်းဧရိယာများအား သုံးလတစ်ကြိမ်စစ်ဆေးရန်လို၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်ရုပ်ရှင်လုပ်ငန်းများ ပူးပေါင်းရန် ဆွေးနွေး၊ ဒက်ရန်ပြည်ဝင်ခွင့်ဒီဇာခနစ် ပြောင်းလဲထားဦးပြီဖြစ်၍ စနစ်သစ်နှင့်အညီ လိုအပ်သည်များပြည့်စုံပါမှ ကျောင်းဝင်ခွင့်ရနိုင်၊ ကာယက်ရှင်ဆန္ဒဖြင့် အိတ်ချဲ့အိုင်ဒီပိုးသွေးဖောက်စစ်ဆေးခြင်း၊ ဆစ်အစဉ်စတင်ပြီ၊ အိန္ဒိယသို့ဝက်များ ပုံမှန်ပြန် တင်ပို့စသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ "လူတော်လူကောင်းဖြစ်ချင်တယ်' ၂၀၀၈-၂၀၀၉တာဝှေ့သိုလ်ဝင်တန်း ဘာသာစုံဝုဏ်ထူးရှင် မထက်အိခင်နှင့် ဗလားဝါးနယူးစ်ဂျာနယ်တို့ တွေ့ဆုံမေးမြန်းခြင်း၊ ရိုးရိုးသားသားစီးပွားရှာကြသူများ၊ သေချင်တဲ့ကျား တောပြောင်းကြသူများ ကဲ့သို့သော ရုပြင်သုံးသပ်ဆောင်းပါးများ ဝေဆောဆာဖြင့် ယနေ့ထွက်ရှိလာပြီ ဖြစ်သည်။

'အိုးရးဆနေနဲ့ ငြိမ်းချမ်းရေးကို အောင်မြင်အောင်မော်ဆောင်နိုင်ဂယ်ဆိုတာ ပြသရမှာဖြစ်တယ်' ငြိမ်းချမ်းရေးခေတ်စပြည်ဖြိုးငယ်သူ အဲရစ်ဆိုလ်ဟိမ်းနှင့် စပီဂျလ် မဂ္ဂဇင်းတို့တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ အိုဘားမား၏ အလည်အပတ်ခရီးက ဥရောပနှင့်သဘောတွဲလွဲမှုများကို လေ့လာပေါ်ခေခဲ့၊ အိုဘားမားကိုသတ်ရန် ဩဗိမ်ခြောက်ခဲသူအား လိုက်လံရှာမွေနေ၊ အတ္တလန္တိတ် သမုဒ္ဒရာအတွင်း ဖျက်ဂျခဲသော ၄၄၇ လေယာဉ်တွင် အသက်ရှင်သူမရှိနိုင်စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ (သတင်းစဉ်)

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပို့စတာပြိုင်ပွဲကျင်းပ

နေပြည်တော် ဇွန် ၁၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားခံကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၉ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပို့စတာပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှ မွန်းလွဲခနာရီအထိ နေပြည်တော်အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း(ရွာတော်)၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့ဆင်အား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မြင့်နွဲ့ ကော်မတီဝင်များ၊ တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်ပို့စတာပြိုင်ပွဲ၏ ဆောင်ပုဒ်မှာ "Protecting marginalized populations from the global economic crisis." "ကမ္ဘာ့စီးပွားခေတ်ကာလ၊ မျိုးဆက်မှား ကျန်းမာရေးခေလးထားကြ" ဖြစ်ပြီး ပြိုင်ပွဲကို အသက်ခြောက်နှစ်မှ ရှစ်နှစ်အထိ၊ အသက် ကိုးနှစ်မှ ၁၂ နှစ်အထိ၊ အသက် ၁၃ နှစ်မှ ၁၅ နှစ်အထိ၊ အသက် ၁၆နှစ်မှ ၁၈နှစ်အထိဆုပ်စု အဆင့်များခဲ့၍ ကျင်းပရာ နေပြည်တော်ခရိုင် နေပြည်တော်ပျဉ်းမနား၊ နေပြည်တော် လယ်ဝေးနှင့်နေပြည်တော်တပ်ဝိဟုန်းမြို့နယ် တို့မှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၈၇၉ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ အဆိုပါ ပို့စတာပြိုင်ပွဲကို ပြည်နယ်နှင့်တိုင်းများရှိ သတ်မှတ်နေရာအသီးသီး၌ တစ်ပြိုင်တည်း ကျင်းပကြသည်။

(သတင်းစဉ်)

မရမ်းကုန်းမြို့နယ်အတွင်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ရန်ကုန် ဇွန် ၁၃

ရန်ကုန်အနောက်ပိုင်းခရိုင် ဆေးရုံမြေသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းဆင်း ရွှေနင်းဆီ ကျောင်းလမ်းနှင့် စွယ်တော်ကန်ပတ်လမ်း သားဝဲယာ ပေအရှည် ၆၅၀ ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ရပ်ကွက်ပြည်သူလူထုနှင့် မြို့နယ်လူမှုအဖွဲ့ အသီးသီး ပူးပေါင်းပြုပြင်ဆောင်ရွက်နေမှုများကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် ဆေးရုံမြေသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆေးဟန်၊ မြို့နယ်ဆေးရုံမြေသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ မြို့နယ်စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူး ဦးဆောင်နိုင်ထူးနှင့် ရေစီးရေလာကောင်းမွန်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစီဝင့်က မိုးဦးကာလ အမြန်းဆောင်းဆထည် ဖော်နိုင်ရေး ပြုပြင်ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

(၁၆)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်း

လားရှိး ဇွန် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ရဲတပ်ဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၂ ရက် နံနက် ၈ နာရီခွဲက ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့များနှင့် မြို့နယ်ရဲတပ်ဖွဲ့များမှ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယပိုင်းအစီအစဉ်များကို နံနက် ၁၀ နာရီခွဲတွင် လားရှိးအမှတ်(၁) ရဲစခန်းရှိ ရဲသူရဲနိုးခန်းမ၌ ဆက်လက်ကျင်းပရာ တွဲဖက်ပြည်နယ် ရဲတပ်ဖွဲ့များ ရဲများကြီး စုန်းလွင်က အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့များ၊ မြို့နယ်ရဲတပ်ဖွဲ့များနှင့် စခန်းများကဦး/ရေး/ ထောက် ဆိုင်ရာများကို တင်ပြကြသည်။ (လားရှိးကိုယ်တွား)



၇၄ နိုင်ငံသို့ ကူးစက်လာသည့် A (H1N1) တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၃၀၀၀၀နီးပါးအထိရှိ

ကျိုက်ဇာ ဇွန် ၁၃

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (၈၈ လူဦးအိတ်ချုံအို)က နိုင်ငံအများအပြားသို့ ကူးစက်ဖြစ်ပွားနေသည့် A (H1N1) တုပ်ကွေးရောဂါကို အဖြင့်ဆုံးသော သတိပေးမှီးဆော်မှုအဆင့်-၆သို့ ယမန်နေ့က တိုးမြှင့်သတိပေးလိုက်သည်။

နိဒါန်း

A (H1N1) တုပ်ကွေးရောဂါသည် အမေရိကန်၊ ဥရောပ၊ ဩစတြေးလျှနှင့် တောင်အမေရိကသာမက အာရှအချို့နိုင်ငံများကိုပါ ရောဂါ ဖြစ်ပွားမှု ကူးစက် ပျံ့နှံ့လာသည့်အတွက် ကမ္ဘာ့တစ်ဝန်းရှိ တုပ်ကွေးရောဂါကျွမ်းကျင်သူများနှင့် ညှိနှိုင်းပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက A (H1N1) တုပ်ကွေး ရောဂါနှင့် ပတ်သက်၍ သတိပေးနှိုးဆော်မှုအဆင့်-၆ အဖြစ်သတ်မှတ်၍ တစ်ကမ္ဘာလုံးသို့ နှိုးဆော်လိုက်ခြင်းဖြစ်သည်။

ကြေညာ

၂၀၀၉ခုနှစ် ဧပြီလက မဏ္ဍိုကိုနိုင်ငံ၌ စတင်ဖြစ်ပွားသည့် A (H1N1) တုပ်ကွေးကပ်ရောဂါသည် ယခုအခါ ၇၄ နိုင်ငံသို့ ကူးစက်ပြီး ယမန်နေ့က ကြေညာချက် ထုတ်ပြန်ချိန်အထိ ရောဂါဖြစ်ပွားသူ ၃၀၀၀၀နီးပါးနှင့် သေဆုံးသူ ၁၅၀ရှိ သည်ဟု ဒေသဖျားအိတ်ချုံအိုက ကြေညာသည်။

သာမန်တုပ်ကွေးရောဂါသည် ရောဂါပြင်းထန်မှုအားနည်းပြီး အသေအပျောက် နည်းသော်လည်း ယခုတစ်ကြိမ်ဖြစ်ပွားသော တုပ်ကွေးရောဂါသည် ၂၁ရာစုနှစ်၏ ပထမဆုံးအကြိမ် ကပ်ရောဂါအဖြစ် ကူးစက်ဖြစ်ပွားခြင်းဖြစ်သည်။

သေဆုံးခဲ့

ပထမအကြိမ် ၁၉၁၈-၁၉၁၉ခုနှစ်က စပိန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ သန်း ၄၀အထိ ရှိခဲ့သည်။ တစ်ဖန် ၁၉၅၇-၁၉၅၈ခုနှစ် ဒုတိယအကြိမ် အာရှ တုပ်ကွေးကြောင့် သေဆုံးသူ ၄သန်းရှိပြီး ၁၉၆၈-၁၉၆၉ခုနှစ် ဟောင်ကောင် တုပ်ကွေးကြောင့် သေဆုံးသူ ၁သန်းမှ ၂သန်းအထိရှိခဲ့သည်ဟု ဆိုသည်။

(အင်တာနက်)

ဘဂ္ဂဒက်မြို့၌ ပုံးပေါက်ကွဲမှု အဆက်မပြတ်ဖြစ်ပွား အရပ်သားတစ်ဦးသေဆုံး၊ ၁၁ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၁၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဇွန် ၁၁ရက်က ပုံးပေါက်ကွဲမှုသုံးကြိမ်ဖြစ်ပွားရာ အရပ်သားတစ်ဦးသေဆုံးပြီး ၁၁ဦးဒဏ်ရာ ရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်းရှိ အမေရိကန်တပ်မဲ့၊ ကင်းလှည့်ယာဉ်အနီး၌ လမ်းဘေးပုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အရပ်သားတစ်ဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိကြောင်း အဆိုပါ သတင်းရပ်ကွက်၏ ပြောကြားချက်ကို ဆင်ဟွာ သတင်း၌ ဖော်ပြသည်။

ဒဏ်ရာရရှိ

တစ်ချိန်တည်းမှာပင် ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းရှိ လမ်းကြိုးပေါ်၌ လက်လှုပ်ပုံး ပေါက်ကွဲမှုကြောင့် အရပ်သား လေးဦး ဒဏ်ရာရရှိသည်။ အလားတူ ဘဂ္ဂဒက်မြို့ အနောက်ပိုင်း၌ အရပ်ဘက်မော်တော်ကား ကို ပုံးဖောက်ခွဲတိုက်ခိုက်သဖြင့် ယာဉ်မောင်းနှင့်အနီးရှိ ခရီးသွားနှစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိကြောင်း ထပ်လောင်း ပြောကြားသည်။

အဆက်မပြတ်

အီရတ်နိုင်ငံ၏ မြို့ကြီးများ၌ အမေရိကန်တပ်မဲ့ဝင်များ ရုပ်သိမ်းရန် ပြင်ဆင် လှုပ်ရှိနေဆဲကြားတွင် နိုင်ငံ၏ နေရာအနှံ့အပြား၌ ဗုံးခွဲတိုက်ခိုက်မှုများ အဆက်မပြတ် ဖြစ်ပေါ်လျက်ရှိသည်။ (အင်တာနက်)

ဗီယက်နမ်၌ ခရီးသွားဆိုင်ရာပြပွဲ ကျင်းပမည်

ဟနွိုင်း ဇွန် ၁၃

ဗီယက်နမ်နိုင်ငံ ဟိုနွိုင်းမြို့၌ လာမည့်အောက်တိုဘာလအတွင်း ၂၀၀၉ခုနှစ် အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်း ကုန်စည်ပြပွဲကျင်းပမည်ဖြစ်ကြောင်း ဇွန် ၁၂ ရက်က ဒေသဆိုင်ရာသတင်း၌ ဖော်ပြသည်။

အခြင်ချင်းဖလှယ်

ယင်းကုန်စည်ပြပွဲ၌ နိုင်ငံပေါင်း ၁၃နိုင်ငံမှ ပါဝင်ပြသ ဆင်နွှဲကြမည်ဖြစ်သည်။ ဥရောပ၊ အမေရိကန်နှင့် အာရှနိုင်ငံများမှ ခရီးသွားလုပ်ငန်းများအနေဖြင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အတွေ့အကြုံများကို အခြေခံလုပ်ငန်းမှုများလည်း ပြလုပ်သွားကြမည်ဖြစ်သည်။ (အင်တာနက်)

တူရကီ၌ မီးပုံးပျံပျက်ကျ တစ်ဦးသေဆုံး၊ ၁၀ဦးဒဏ်ရာရ

အင်ကာရာ ဇွန် ၁၃

တူရကီနိုင်ငံအလယ်ပိုင်း ကမ္ဘာလှည့် ခရီးသွားများ အများဆုံး လာရောက်ရာ ကပ်ပါဒိုကိုဒေသ၌ ဇွန် ၁၂ရက် နံနက် မိနှာရီက မီးပုံးပျံပျက်ကျခဲ့ရာ ကမ္ဘာလှည့် ခရီးသည်တစ်ဦးသေဆုံးပြီး လူအများအပြား ဒဏ်ရာရရှိသွားခဲ့သည်။

မီးပုံးပျံစီးရာဒေသ

မီးတောင်ပေါက်ကွဲရာမှ ထွက်ပေါ် လာသည့် ချော်ရည်ချော်ခဲများဖြင့် တောင် စွယ် တောင်တန်းအဖြစ် တည်ရှိနေသည့် ကပ်ပါဒိုကိုဒေသသည် ကမ္ဘာလှည့်ခရီးသွား ဧည့်သည်အများစု မီးပုံးပျံစီးရာ တူရကီ နိုင်ငံအတွင်းရှိ ဒေသတစ်ခုဖြစ်သည်။

ပျက်ကျ

ဒဏ်ရာရရှိသူ ၁၀ဦးအနက် တစ်ဦးမှာ အခြေအနေစိုးရိမ်ရကြောင်း၊ မီးပုံးပျံမှာ ဇီလ်ဒွိကျေးရွာမှ ပျံတက်သွားပြီး မိတာ ၅၀အမြင့်မှ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ပျက်ကျရသည့် အကြောင်းရင်းကိုမူ အတိ အကျမသိရကြောင်း ယင်းသတင်း၌ ဖော်ပြ သည်။ (အင်တာနက်)

ပြည

အတွေ့လန္ဓိတိ သမုဒ္ဒရာအတွင်း ပျက်ကျသွားသော ပြင်သစ်လေယာဉ်မှ ရှာဖွေ တွေ့ရှိသည့် အစိတ်အပိုင်းများကို ဘရာဇီးနိုင်ငံ ရီဇီဒီမြို့ လေတပ်စခန်း၌ သတင်းထောက်များအား ပြသထားသည်ကို ဇွန်၁၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဂွမ်တာနာမိုဇ်၏ အငယ်ဆုံးအကျဉ်းသား ဇာတိနိုင်ငံသို့ ပြန်ရောက်

လန်ဒန် ဇွန် ၁၃

အသက် ၁၄နှစ်အရွယ်တွင် အဖမ်းခံရပြီးနောက် ခုနစ်နှစ်ကြာ ထိန်းသိမ်းခံခဲ့ရသူ အမေရိကန် ဂွမ်တာနာမိုအကျဉ်းစခန်းမှ အသက် အငယ်ဆုံး အကျဉ်းသားမှာ ယခုအခါ လွတ်မြောက်သွားပြီဖြစ်ကြောင်း သူ၏ရှေ့နေများက ဇွန် ၁၁ ရက်တွင် ပြောကြားသည်။

ပြန်လည်ရောက်ရှိ

လွတ်မြောက်လာသူ အကျဉ်းသားမှာ ချဒ်နိုင်ငံသား မိဟာမက်အယ်ဂါရာနီဖြစ်သည်။ မိဟာမက်အယ်ဂါရာနီသည် သူ့ဓာတိ ချဒ်နိုင်ငံသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်သည်။

မရရှိသေး

ဂါနီအားလွတ်မေးမွန်းစစ်လျှင်း၍ အမေရိကန်အာဏာ ပိုင်များထံမှ တစ်စုံတစ်ရာ အတည်ပြုချက် မရရှိသေးဟုလည်း သိရသည်။ အမ်အင်နဲအေရိုက်တာ

တရုတ်နိုင်ငံ ပေကျင်းမြို့မြောက်ဘက် ချန်ပင်းခရိုင်ရှိ လဟာပြင်ရွာ၌ မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေသည်ကို ဇွန် ၁၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပြည်သူ့ကျန်းမာရေးအတွက် ကုတ်ဇီးရိုးကို ဝင်နိုင်ငွေလာဌ်ပိတ်ပင်

ကာရာကတ် ဇွန် ၁၃

ကိုကာကိုလာ ကုမ္ပဏီအနေဖြင့် ဝင်နိုင်ငွေလာနိုင်ငံမှ ကုတ်ဇီးရိုးယမကာများကို ပြန်လည်ရုပ်သိမ်းရန် အမေရိကန်အစိုးရကို ဝေဖန်နေကျ သမ္မတဟူဂိုချာဇက်ဇ်၏ ဝင်နိုင်ငွေလာ အစိုးရက ဇွန် ၁၀ရက်တွင် အမိန့်ပေးလိုက်သည်။

ဆုံးဖြတ်

ဝင်နိုင်ငွေလာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများကို ပြည်သူပိုင်ပြုလုပ်ခြင်းနှင့်တက္ခ စီးပွားရေးလုပ်ငန်းများအပေါ် စည်းကမ်းတင်းကျပ်မှုများ ပြုလုပ်ပြီးနောက် ကုတ်ဇီးရိုးကို အရောင်းပိတ်ပင်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ခွင့်မပြု

ဝင်နိုင်ငွေလာပြည်သူတို့၏ ကျန်းမာရေးဘေးကို ကုတ်ဇီးရိုးယမကာကို မရောင်းသင့်ကောင်း၊ ဆိုင်ပေါ်တင်ရောင်းချမှု ခွင့်မပြုကြောင်း ကျန်းမာရေးဝန်ကြီး မနီတီလာက ကြေညာသည်။ အမ်အင်နဲအေရိုက်တာ

ပါကစ္စတန်နိုင်ငံ ကွိတာမြို့၌ ပုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာ ရရှိသွားသူများအား ဇွန်၁၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

သြစတြေးယားနိုင်ငံ ဗီယင်နာမြို့၌ ကျင်းပလျက်ရှိသည့် ခရီးသည်တင်ယာဉ်များပြပွဲတွင် ပါဝင်ပြသထား သည့် မော်တော်ယာဉ်တစ်စီးကို ဇွန် ၁၂ရက်က တွေ့ရစဉ်။

(ယင်းမော်တော်ယာဉ်မှာ အရှည် ၃၄ဖီတာရှိသည်။)

(အင်တာနက်ဓာတ်ပုံ)

ရန်ကင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ၂၀၀၉ခုနှစ် ပညာသင်နှစ် တက္ကသိုလ် ပညာသင် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်ပေးအပ်ပွဲ အခမ်းအနား ကို ဇွန် ၁၃ရက်က ကျင်းပရာ ရန်ကင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ မိုလ်မှူးတင်အေး(ငြိမ်း)က သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ပဥမနှစ်ကျောင်းသား မောင်လင်းအောင်မြင့်အား တက္ကသိုလ်ပညာသင်စရိတ် ပေးအပ်စဉ်။ (၁၇၀)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး သတိပေးနှိုးဆော်ချက်

၁။ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် လူမှ လူသို့ လျင်မြန်စွာ ကူးစက်လျက်ရှိသည်။ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ၂၀၀၉ ခုနှစ် ဇွန် ၁၁ရက်အထိ နိုင်ငံပေါင်း ၇၄နိုင်ငံသို့ ပုံနှံကူးစက်ကာ တတ်ခဲ့စဉ်းသပ် အတည်ပြုချက်အရ ၂၈၇၇၉ဦး ဖြစ်ပွားခဲ့ပြီး ၁၄၇ဦး သေဆုံးခဲ့သည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ (Human Influenza Pandemic) ဖြစ်ပွားနေကြောင်း ဇွန်၁၁ရက်တွင် ကြေညာခဲ့သည်။

၂။ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် လူမှလူသို့ ကူးစက်မြန်ခြင်းနှင့် တုပ်ကွေးမိုင်းရပ်စိပ်မှ အသစ်ပြစ်၍ လူများတွင် ခံနိုင်ရည်စွမ်းအား မရှိသေးခြင်းတို့ကြောင့် အောက်ပါအချက်များကို ကြိတ်တွေ့ရမည်-

(က) အသက်အရွယ်မရွေး ရောဂါဖြစ်ပွားခြင်း၊

(ခ) ကလေးများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ခန္ဓာဆောင်မခံသူများ၊ နှလုံး၊ အဆုတ်နှင့် ဆီးချိုစသည့် နာတာရှည်ရောဂါရှိသူများနှင့် ခုခံအားကျဆင်းမှုရှိသူများတွင် အသက်ဆုံးရှုံးမှု ပိုရှိများပြားနိုင်ခြင်း၊

(ဂ) တုပ်ကွေးလူနာများ လျင်မြန်စွာ များပြားလာခြင်းကြောင့် ဆေးဝါး၊ ဆေးပစ္စည်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များ ပိုရှိများပြား လာခြင်း၊

(ဃ) စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများတွင် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခြင်း၊

(င) ရောဂါမြန်မြားမှုကို ထိန်းချုပ်ရန်အတွက် လူအများစုဝေး ဆောင်ရွက်ရသည့် လုပ်ငန်းများ၊ ကျောင်းများ၊ ဘာသာရေးပွဲများနှင့် ပွဲလမ်းသဘင်များကို ပိတ်ပင်ထားဆီးရန် လိုအပ်လာနိုင်ခြင်း၊

(စ) နိုင်ငံ၏ အဓိကဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်ရန် အခက်အခဲများ ကြိတ္တေ့လာနိုင်ခြင်း၊

၃။ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ၏ အန္တရာယ်များကို ကာကွယ်ရန်နှင့် ဆုံးရှုံးမှုများ လျော့နည်းရန်အတွက် အောက်ဖော်ပြပါ ကြိုတင်ကာကွယ်မှုလုပ်ငန်းများကို ပြည်သူ လူထုတစ်ရပ်လုံးက လိုက်နာဆောင်ရွက်ရန် အထူးအရေးကြီးသည်-

(က) ပြည်သူတစ်ဦးချင်းအနေဖြင့် ဆောင်ရွက်ရန်-
- တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုပြုဆောင်ရွက်ခြင်း၊
- နှာချေ၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ခြင်း၊
- လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောခြင်း၊
- ကောင်းစွာ အိပ်စက်အနားယူခြင်း၊
- အဟာရပြည့်ဝသည့် အစားအစာများ စားသုံးခြင်း၊
- ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်း၊
- လေကောင်းလေသန့်ရှိအောင် ဆောင်ရွက်နေထိုင်ခြင်း၊
- လူထုထဝိသောနေရာနှင့် ပွဲလမ်းသဘင်များသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
- အရက်လွန်ကဲစွာ သောက်သုံးခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း၊
- ရောဂါဖြစ်ပွားသူများနှင့် သံသယရှိသူများမှ ခြောက်ပေးကွာဝေး ထိုင်ခြင်း၊
- ရောဂါဝေဒနာစက်ဝေရန် နှာခေါင်းနှင့် ပါးစပ်ကိုလုံအောင် ဖုံးအုပ်သည့် ပါးစပ် နှာခေါင်းစည်း (Surgical Mask) ကို အသုံးပြုခြင်း၊
- ရောဂါရှိသူ၏ နေအိမ်နှင့် ဆေးရုံများသို့ မလိုအပ်ဘဲ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
- မိမိတွင် ရောဂါလက္ခဏာများရှိသည်ဟု ယူဆပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပေးပို့ အကူအညီတောင်းခံခြင်း များ ပြုလုပ်ရမည်။

(ခ) စာသင်ကျောင်း၊ လုပ်ငန်းခွင်၊ ဟိုတယ်၊ လူမှုရေးရိပ်သာနှင့် ဂေဟာများတွင်-
- အဆောက်အအုံများ လေဝင်လေထွက် ကောင်းမွန်ရေးအတွက် ဆောင်ရွက်ခြင်း၊
- ပတ်ဝန်းကျင်သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ခြင်း၊
- အမှိုက်နှင့် အညစ်အကြေးများ စနစ်တကျ ဇွန့်ပစ်ခြင်း၊
- လူအသုံးအဆောင်ပစ္စည်းများ လေ့ကား၊ ဓာတ်လှေကား၊ နှဲရံများနှင့် ရုံးတွင်းပရိဘောဂများကို တစ်ခန့် နှစ်ကြိမ်မှသုံးကြိမ် ပိုးသန့်စင်ခြင်း၊
- စာသင်ကျောင်း၊ လုပ်ငန်းခွင်၊ ဟိုတယ်၊ လူမှုရေး၊ ရိပ်သာနှင့် ဂေဟာများတွင် နေထိုင်ဆောင်ရွက်သူများအားလုံး၏ ကျန်းမာရေးကို စောင့်ကြပ်ကြည့်ရှုခြင်း၊
- တစ်ဦးဦးတွင် တုပ်ကွေးရောဂါ ဖြစ်ပွားသည်ဟု သံသယရှိပါက ကျန်းမာရေးဌာနနှင့် အမြန်ဆုံး ဆက်သွယ်ဆောင်ရွက်ခြင်း။

၄။ တုပ်ကွေးရောဂါ (သို့မဟုတ်) အလားတူ များနာရောဂါဖြစ်ပွားသူသည် အောက်ပါအတိုင်း နေထိုင်ရမည်-
- လူနာအနေဖြင့် ပါးစပ် နှာခေါင်းစည်း တပ်ဆင်ထားရမည်၊
- အခြားသူများသို့ ကူးစက်ရေးအတွက် မိမိအိမ်တွင်ပင် နေထိုင်ရမည်၊
- ရုံး၊ ကျောင်း၊ လုပ်ငန်းခွင်များနှင့် ခရီးသွားလာခြင်းများကို ရှောင်ကြဉ်ရမည်၊
- နှာချေ၊ ချောင်းဆိုးလျှင် တစ်ရှူး (သို့မဟုတ်) လက်ဝါးပတ် အသုံးပြုရမည်၊ လက်ကို ဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောရမည်၊
- အာဟာရဖြစ်သော အစားအစာများစားရန်နှင့် အရည်များများသောက်ရမည်၊
- လေကောင်းလေသန့်ရရှိအောင် ဆောင်ရွက်နေထိုင်ရမည်၊
- ကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရမည်၊
- ရောဂါကူးစက်မှုသည် ရောဂါစောင့်ဖြစ်ပွားသည့်အချိန်မှစ၍ ၁၀ရက်ကြာ သည်အထိ ကူးစက်နိုင်သည်။

၅။ မိသားစုအတွင်း တုပ်ကွေးဖြစ်ပွားသူအား အောက်ပါအတိုင်း ပြုစုရမည်-
- လူနာကို လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိရမည်၊ အခြေအနေ ပေးပါက သီးသန့်အခန်းတွင် ထားရှိသင့်သည်၊
- ဖျားနာသူအား အနီးကပ်စောင့်ရှောက်သူများသည် ပါးစပ် နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ရမည်၊ ဖြစ်နိုင်ပါက ဂလတ်စတစ်ရင်ကာ ခါးစည်း (Apron) ကိုလည်း အသုံးပြုနိုင်သည်၊
- လူနာအသုံးအဆောင်ပစ္စည်းများ၊ အသုံးပြုပြီးသော ပါးစပ်နှာခေါင်းစည်းနှင့် လက်အိတ်များ စသည်တို့ကို 0.5% available chlorine ရရှိစေရန် Bleaching Powder ဟင်းစားဇွန်းနှစ်ဇွန်းကို ရေတစ်လီတာဖြင့် ဖျော်စပ်၍ မိနစ်၃၀ စိမ်ထားရမည်၊ မရှိလျှင် ရေနွေးဖြင့် ပြုတ်လျှော်ရမည်၊
- လူနာပြုစုပြီးတိုင်း လက်ကို ဆပ်ပြာဖြင့် သေချာစွာဆေးကြောရမည်၊ ဖြစ်နိုင်လျှင် အရက်ပြန် (Alcohol rub) အသုံးပြုနိုင်သည်၊
- လူနာနှင့် အနီးကပ်ပြုစုသူများ၏ ကျန်းမာရေးအခြေအနေကို ကျန်းမာရေးဌာနသို့ သတင်းပို့ခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ရမည်။

၆။ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ မြန်မာနိုင်ငံသို့ ဝင်ရောက်ကူးစက်မှု မရှိစေရေး အတွက် ကျန်းမာရေးဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်သူလူထုတစ်ရပ်လုံးမှ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကြိတ်တင် ကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် အရှိန်အဟုန်မြှင့် မူးပေါင်း ဆောင်ရွက်သွားကြရန် အထူးလိုအပ်ကြောင်း နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

သောကြာဂြိုဟ် သို့မဟုတ် အင်္ဂါဂြိုဟ်များ တစ်ချိန်ချိန်၌ ကမ္ဘာဂြိုဟ်နှင့် ထိခိုက်နိုင်ဟုဆို

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်



သောကြာဂြိုဟ် သို့မဟုတ် အင်္ဂါဂြိုဟ်သည် တစ်ချိန်ချိန်၌ ကမ္ဘာဂြိုဟ်နှင့် ထိခိုက်နိုင်ကြောင်း အမေရိကန် အာကာသရေးရာ သုတေသနပညာရှင်များ၏ သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြသည်။

အချိန်ကာလ

သောကြာဂြိုဟ်၊ အင်္ဂါဂြိုဟ်နှင့် ကမ္ဘာဂြိုဟ်တို့ ထိခိုက်မှုဖြစ်ပေါ်နိုင်သည့် အချိန်ကာလမှာ လာမည့်နှစ်ပေါင်း ၃သောင်း ဘီလီယံ မတိုင်မီ မဖြစ်ပေါ်နိုင်ကြောင်း လည်း ၎င်းတို့၏ သုတေသနပြုချက်၌ ဆက်လက်ဖော်ပြထားသည်။

ဖြစ်ပေါ်မှု

ထိုသို့ ဂြိုဟ်အချင်းချင်း ထိခိုက်မှု ဖြစ်ပေါ်နိုင်ခြင်းမှာ နေဂြိုဟ်၏ ဖြစ်တည်မှု အနေအထားကြောင့် ဖြစ်ကြောင်း၊ နေဂြိုဟ်၏ အမှုစွမ်းအားနှင့် အခြားဂြိုဟ်များ အပေါ် သက်ရောက်မှု အကျိုးဆက်ကြောင့် ဂြိုဟ်များဦးတည်ရာလမ်းကြောင်း ပြောင်းသွားနိုင်ခြင်းတို့ကြောင့်ဖြစ်သည်ဟု အာကာသ သုတေသနပညာရှင်များက ပြောကြားသည်။

ကြယ်တာရာ

ထို့အပြင် နေစကြဝဠာအဖွဲ့အစည်းအတွင်း ပြောင်းလဲမှုဖြစ်စဉ်ကြောင့် ကြယ်တာရာတစ်ခုသည်လည်း အာကာသအတွင်း ဖြစ်ပေါ်မှုယိုရှိကြောင်း၊ ယင်း ကြယ်တာရာသည် လာမည့်နှစ်ပေါင်း ငါးဘီလီယံခန့်တွင် ဂြိုဟ်တစ်ခုအဖြစ် ဖြစ်ပေါ်လာဖွယ်ရှိကြောင်း အမေရိကန် အာကာသသုတေသနပညာရှင်များ သုတေသနပြုချက်၌ ဖော်ပြထားသည်။

မဖြစ်ပေါ်နိုင်

သို့သော် သောကြာဂြိုဟ် သို့မဟုတ် အင်္ဂါဂြိုဟ်တို့နှင့် ကမ္ဘာဂြိုဟ်ထိခိုက်နိုင်မှုမှာ လာမည့်နှစ် သန်း ဆယ်ဂဝေါင်းများစွာအတွင်း အချိန်ကာလ၌ မဖြစ်ပေါ်နိုင်ကြောင်း အမေရိကန် အာကာသသုတေသနပညာရှင်များက ပြောကြားသည်။

(အင်တာနက်)

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်

ဒုနိုဝဒုရက်က ရန်ကုန်အရှေ့ပိုင်း ခရိုင် တာမွေမြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကျားကွက်သစ်(စံပြ) ရပ်ကွက် ဥက္ကဋ္ဌ ဦးအောင်ဇော်သန်းနှင့် အဖွဲ့ဝင် များ၊ ရပ်ကွက်ပြည်သူများ စုပေါင်း၍ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သွေးလွန် တုပ်ကွေးကြိတင်ကာကွယ်ရေးအတွက် ရပ်ကွက်အတွင်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဆောင်ရွက်ကြစဉ်။ (၁၇၀)

သတိပေးနှိုးဆော်ချက်

နေပြည်တော်အတွင်း ဖြတ်သန်းသွားလာလျက်ရှိသော ဓာတ်တော်ယာဉ်များသည် လမ်းများကောင်းမွန်သည်နှင့်အမျှ အရှိန်ပြင်းစွာ မောင်းနှင်ကြသောကြောင့် ယာဉ်မတော်တဆမှုများ၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရ ပါသည်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ မိုင်နှုန်းထက် ကျော်လွန်မောင်းနှင်ခြင်း မပြုရန်နှင့် မောင်းနှင်ပါက အရှိန်နှုန်းတိုင်းကိရိယာဖြင့် တိုင်းတာပြီး ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်-

(၁) မြို့တွင်း ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များ တစ်နာရီ မိုင်၂၀ (၃၂ကီလို)
(၂) မြို့တွင်း ကိုယ်ပိုင်ယာဉ်နှင့် အခြားယာဉ်များ တစ်နာရီ မိုင် ၃၀ (၄၈ကီလို)
(၃) မြို့ပြင်ယာဉ်အားလုံး တစ်နာရီ မိုင် ၆၀ (၉၆ကီလို)

နေပြည်တော် ယာဉ်ညီးကစီးထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

အလေးချိန်ခွင်မှန်ကန်ရေး

ရခိုင်ပြည်နယ် သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင် အရာရှိ ဦးခင်မောင်မြင့်၊ ဒုတိယဦးစီးမှူး (အဆွဲ) ဦးသန်းအောင်ထွန်း၊ ဈေးခေါင်း ဦးကိုပုနှင့် အဖွဲ့တို့သည် အဖွဲ့ပိုင် ဒွါရာတော်မြို့ဈေးကြီးအတွင်း သားငါး ရောင်းချသူများ၏ အလေးချိန်ခွင်များ မှန်မှန်ကန်ကန် ရောင်းချမှုရှိစေရေး အတွက် ဇွန် ၁၀ရက်က ကွင်းဆင်း စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမျိုး ပိုလ်ချုပ်တင်ငွေ ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်နေမှုကြည့်ရှု အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ တက်ရောက်အားပေး

နေပြည်တော် ဇွန် ၁၃

ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဇွန် ၂ရက် နံနက် ၇နာရီက အရပ်ရပ် မြို့နယ် ပြည်သူ့ဆေးရုံကြီး၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစားချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ ကြည့်ရှုအားပေးပြီး လူနာများအား ဆေးကုသမှုစရိတ်များပေးအပ်ကာ ဆေးရုံကြီးအတွက် အလှူငွေများကို ပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် တိုင်းဒေသအစည်းအဝေးခန်းမ၌ကျင်းပသည့် မိုးစပါး လှာထားချက်အပေါ် တိုးမြှင့်စိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အားကစားနှင့်ပညာရေး ပေါင်းစပ်မှုလုပ်ငန်းညှိနှိုင်းအစည်းအဝေးတို့သို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆုများချီးမြှင့်

မန္တလေးတိုင်းအမျိုးသမီးအားကစားအဖွဲ့ နာယကဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပ်ခွန့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ညနေပိုင်းတွင် မန္တလေးမြို့ ဇထုးအားကစား ပြိုင်ကွင်းဥဒ္ဓါကျင်းပရာ တိုင်းမှူး၊ ဓနိုးနှင့်တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြပြီး တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီးဒေါက်တာချမ်းမြင့်မိန့် နေပြည်တော်ရှိ အခြေခံပညာကျောင်းများကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၃

ပညာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာချမ်းမြင့်မိန့်သည် ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ အခြေခံပညာကျောင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ရွေးဦးစွာ ဝန်ကြီးသည် မွန်းလွဲ ၁နာရီက နေပြည်တော် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ အတန်းမှူးများ၊ ဘာသာရပ်မှူးများနှင့် ကွေ့ဆုံရာ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများက သင်ကြားရေးနှင့် စီမံခန့်ခွဲရေး ကိစ္စရပ်များ၊ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ တင်ပြကြပြီး ဝန်ကြီးက သင်ကြားရေး၊ တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက်မြင့်မားရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စာသင်ခန်းအတွင်း သင်ကြား သင်ယူနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် နေပြည်တော် အထက(၆)၊ အထက(၇)၊ အထက(၈)၊ အထက(၉)နှင့် အထက(၁၀)တို့သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တက်ရောက်ကြည့်ရှု

မန္တလေးတိုင်း အမျိုးသမီး အားကစားအဖွဲ့ နာယကဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ဇနီးနှင့်တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

စာအုပ်များစနစ်တကျထိန်းသိမ်း အရည်အချင်းပြည့်ဝသော ဝန်ထမ်းဖြစ်အောင်ကြိုးပမ်း

ရန်ကုန် ဇွန် ၁၃

မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး (စီမံ) ဦးမောင်မောသည် ရန်ကုန်တိုင်းဦးစီးမှူး ဦးမြင့်ဆွေနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးအရာရှိ ဦးဝင်းခင်တို့လိုက်ပါ၍ ယမန်နေ့ မွန်းလွဲပိုင်းက မြောက်ဥက္ကလာပမြို့နယ်ရုံးသို့ရောက်ရှိပြီး ရုံးစာကြည့်တိုက်ခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ စာကြည့်တိုက်တွင် စာအုပ်များ စနစ်တကျထိန်းသိမ်းထားရှိရန်နှင့် တိုးမှားဆောင်ဆောင်ရွက်ထားရန်၊ အရည်အချင်းပြည့်ဝသော ဝန်ထမ်းများဖြစ်အောင် ကြိုးပမ်းကြရန်၊ ရန်ပုံငွေများကို စနစ်တကျသုံးစွဲကြရန်နှင့် ရုံးတွင်းရုံးပြင် သပ်ရပ်သန့်ရှင်းလှပအောင် ဆောင်ရွက်ထားရန် ဆွေးနွေးမှာကြားသည်။

(အောက်ပုံ)

ဆွေးနွေး

အလားတူ ညွှန်ကြားရေးမှူး (စီမံ) ဦးမောင်မောသည်သာကေတမြို့နယ်မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ၁ဂုံ (ဆိပ်ကမ်း)မြို့နယ်မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ ဆက်)

ဗလမ်း၌ ရွှေရင်အေးမျိုးစပါးကြဲပွဲတော်ကျင်းပ

ဗလမ်း ဇွန် ၁၃

ရွှေရင်အေးမျိုးစပါးကြဲပွဲ အခမ်းအနားကို ဇွန်၁၁ရက် နံနက်၁၀နာရီက ဗလမ်းမြို့နယ် လိုင်စိုးကျေးရွာ တောင်သူဦးဆန်ဟရဲထန်း လယ်ကွက်၌ကျင်းပရာ ဗလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းက အမှာစကား ပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ခရိုင်ဗန်ဒေကျာ ဦးဟွမ်ဇုံက ရွှေရင်အေး စပါး၏ အရည်အသွေးများနှင့် စိုက်ပျိုးနည်းစနစ်များ၊ အထွက်ကောင်းစပါးဖြစ်၍ သေးမှုပ်မွှေးအတွက် အထောက်အကူပြုခြင်းများနှင့် ပျိုးပေါင်းဖြင့် ပျိုးထောင်ခြင်းစနစ်များကို ရှင်းလင်းဆွေးနွေးသည်။

မျိုးကြဲပေး

ထို့နောက်ခရိုင်ဥက္ကဋ္ဌက စတင်မျိုးကြဲပေးပြီး မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဝင်းဌေးနှင့် တာဝန်ရှိသူများက ပျိုးပေါင်းများတွင် မျိုးစေ့ကြဲချပေးကာ သေသခံတောင်သူများ စိတ်ပါဝင်စားစွာ ပါဝင်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အိန္ဒိယဆေးဝါးကုန်စည်ပြပွဲဖွင့်

ရန်ကုန် ဇွန် ၁၃

မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်ဖွင့်ပွဲ Indian Pharmaceuticals Executives Association နှင့် ပြည်တောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးတို့က ကြေးမုံးပြသည့် Indian Pharmaceuticals Exposition-2009 ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၂ရက် ၉နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်း၌ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ Indian Pharmaceuticals Executives Committee မှ Mr. Himanshu Sekhar Biswal က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်တောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Aloke Sen၊ ဦးဘုရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေးနှင့် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူတို့က အမှာစကား ပြောကြားကြသည်။

ကျေးဇူးတင်

ယင်းနောက် PHARMEXIL မှ ဒါရိုက်တာ Mr. Raghuveer Kinimက အိန္ဒိယသမ္မတနိုင်ငံ၏ ဆေးဝါးများ အကြောင်း သိကောင်းစရာကို ရှင်းလင်းအကြောင်း ပြောကြား၍ ပြပွဲများကိုပါ ကျင်းပသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

အမှာစကားပြောကြား

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဒေါက်တာဝင်းစည်သူ Indian Pharmaceuticals Exposition -2009 ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(ကုန်သည်/စက်မှု)

ရွှေရတုအကြို ငွေတာရီမဂ္ဂဇင်း အထူးထုတ်ထွက်မည်

ရန်ကုန် ဇွန် ၁၃

ငွေတာရီမဂ္ဂဇင်းကို ၁၉၆၀ပြည့်နှစ် ဇူလိုင် ၁ရက်မှ စတင်၍ ထုတ်ဝေခဲ့သည်။ ယခုအခါ မြဝတီစာပေတို့ကိသည် ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့ပြီးနောက် ဆက်လက်ထုတ်ဝေလျက်ရှိသည်။

(၄၉)နှစ်မြောက် ရွှေရတုအကြို ငွေတာရီမဂ္ဂဇင်းအထူးထုတ်တွင် မင်းယဝေ၊ မကြန်၊ ဌေးမောင်၊ မောင်ဆုရှင်၊ ဆင်ဖြူကျွန်းဆောင်သိန်း၊ လေးမြိုင်၊ ကိုဆောင်း၊ ခင်မောင်ဆေး(ဓနုလေး)၊ ချစ်စံဝင်း၊မောင်စူးစမ်း၊မောင်ခင်မင်(ဓနုဖြူ)၊ ကြူကြူသင်း၊ မစန္ဒာ၊ တက္ကသိုလ်လှကြွယ်၊ ဗိုလ်ကလေးတင့်ဆောင်၊ လယ်တွင်းသားစောချစ်၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ နိုင်ဇော်၊ တက္ကသိုလ်တင်ဒေး၊ တင်သန်းဦး၊ မိုးမိုး(ဆင်းလှား)၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ချစ်နိုင်(စိတ်ပညာ)၊ သက်နှင်းဆောင်၊ ခြင်္ကွား(မနူမင်)၊ တင်ဆောင်(စက်မှုတက္ကသိုလ်)၊ ဒေါက်တာဦးစံတင်ဆောင်(ရွှေဘို)၊ တက္ကသိုလ်သူငှဲဥက္ကဋ္ဌ၊ ရင်ဥဘာ(ဖုတဲ့)၊ ဒေါက်တာဆောင်ဇေယျ၊ အလင်းလက်၊ လှဘုန်းဆောင်၊ ကလျာ ငြိမ်းစံ၊ စစ်မင်း(တောင်တွင်း)၊ အိမ်ခွန်းမြေ့၊ ပိုင့်-လွှင်းသစ်၊ မောင်ကြည်သစ်ဦး စသည်တို့၏ စွဲမက်ဖွယ်ရာ ဆောင်ပုဒ်း၊ ဝတ္ထုများနှင့်အတူ။

ညွှန့်ဇေ(ကသာ)၊ ထီဝေစစ်သူ၊ နောင်၊ တောသားကြီးလူနိုင်၊ မြင်းမွေတိုင်းမိုး၊ မောင်ဟေမာ၊ ကို(တက္ကသိုလ်)၊ မင်းရွှေမင်း(အင်းစိန်)၊ သိပ္ပံစိုးမြင့်နိုင်၊ ချိုဖြနယ်၊ မောင်ဆွေထယ်၊ မခွေ၊ ဟသ်တ မောင်ဖျိုးသက်၊ မဟုရာစောလွင်(ပခုက္ကူ) တို့၏ ကဗျာပုံရိပ်များကို တဝကြီး နှစ်ဖြိုက်စွာ ဖတ်ရှုရမည်ဖြစ်သည်။

ထို့အပြင် ပန်းချီဆရာ မောင်ဝေင်သိုက်၏ အမှတ်တရ လှပစွာဖြယ်မှုန်းထားသော ကဗျာဆရာမ ငွေတာရီ၏ ပုံတူပန်းချီ မျက်နှာပုံးနှင့်အတူ သုတရသ စာပေရေးရာတို့ ထုံမွှမ်းထားသော ငွေတာရီမဂ္ဂဇင်းကို မိမိတို့မြို့နယ်စာကြည့်တိုက်များနှင့် မိမိတို့၏ စာကြည့်စင်များတွင် ထာဝရသိမ်းဆည်းထားနိုင်ရန်အတွက် မြဝတီစာပေတိုက်မှ ဇူလိုင်လအမီထုတ်ဝေဖြန့်ချိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တံတားဆောက်လုပ်မှု ကွင်းဆင်းကြီးကြပ်

ဘုတလင် ဇွန် ၁၃

ဘုတလင်မြို့ မြဝတီရပ်ကွက်နေ ဦးပေါ-ခေါဖြူတုတ် မိသားစုက အမှတ် ၁၂လမ်းထိပ်တွင် အရှည် ၁၄ပေ၊ အကျယ် လေးပေ၊ အမြင့် နှစ်ပေ သံကူကွန်ကစုစ်တံတားတစ်စင်းကို အများပြည်သူသွားလာရေး ငွေသိုက္ခစေရန်အတွက်ကုန်ကျစရိတ်ကုန်ဆောင်ရွက်ရာအမှုဆောင်အရာရှိဦးစီးလွှင်နှင့် တာဝန်ခံဆင်ဂျင်နီယာ ဦးခင်မင်းအောင်တို့ မေ ၁ရက်က ကွင်းဆင်းကြီးကြပ်၍ လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော် ဝဲခူးတိုင်း မင်းလှ၌ကျင်းပ

မင်းလှ ဇွန် ၁၃

ဝဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင်မင်းလှမြို့တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၆ရက် နံနက် ၈နာရီက ရွှေဝါမြိုင်ကျေးရွာ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းလွိုင် အမှာစကားပြောကြားပြီး မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်သူရက ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပွဲတော် ကျင်းပစဉ်းငြားအကြောင်း ရှင်းလင်းတင်ပြသည်။

စိုက်ပျိုး

အခမ်းအနားသို့ မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူလူထု၊ သစ်တောဝန်ထမ်းများ စုစုပေါင်း ၅၅၀ တက်ရောက်ကြပြီး ကျွန်း၊ ပျဉ်းကတိုး၊ ယမနေ၊ ပိတောက်၊ ယင်းမာ၊ စပ်နင့် ယူကလစ် သစ်မျိုးစုံ အပင်ပေါင်း ၁၅၀၀ကို စိုက်ပျိုးကြကြောင်း သိရသည်။**(အောက်ပုံ)(မြို့နယ်မြန်/ဆက်)**



ဝန်ကြီး ပိုလ်ချုပ်စိုးနိုင်အား ဗီယက်နမ်သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် ဇွန် ၁၃

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Chong Phung သည် ယမန်နေ့ နံနက်၉နာရီခွဲက နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းဧရိယ ခရီးသွားလုပ်ငန်းဦးပေါင်း ဆောင်ရွက်ရေးအဓိကအမှာနှင့် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးဆောင်ရွက်မှု မဟာဗျူဟာ အစီအစဉ်များအတွင်းမှ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ပိုလ်ချုပ်စိုးနိုင်အား ဗီယက်နမ်သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် ဇွန် ၁၃

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Chong Phung သည် ယမန်နေ့ နံနက်၉နာရီခွဲက နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းဧရိယ ခရီးသွားလုပ်ငန်းဦးပေါင်း ဆောင်ရွက်ရေးအဓိကအမှာနှင့် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးဆောင်ရွက်မှု မဟာဗျူဟာ အစီအစဉ်များအတွင်းမှ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ပိုလ်မှူးချုပ်သိန်းစိန် ဆက်သွယ်ရေးဝန်ကြီးဌာန ကျေးလက်ဒေသများ ဆက်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး ပြည့်ဆည်းပေး

ရန်ကုန် ဇွန် ၁၃

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းစိန်သည် ယမန်နေ့က ရန်ကုန်မြို့ တိုးကြောင်ကလေးဖြိုဟ်တုမြေပြင်စခန်းသို့ ရောက်ရှိရာ ကျေးလက်ဒေသများ၌ တပ်ဆင်အသုံးပြုမည့် မြန်မာနိုင်ငံတွင် ထုတ်လုပ်ရန် ပြင်ဆင်နေသည့် MC. WILL (မက်ဝဲလ်) ဆက်သွယ်ရေးစနစ် အချက်အလက်များကို သက်ဆိုင်ရာ အင်ဂျင်နီယာချုပ်များက အဆားစိတ် ရှင်းလင်း တင်ပြကြပြီး ဝန်ကြီးက ကျေးလက်ဒေသများ၌ ဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးလိုအပ်လျက်ရှိရာ လျင်မြန်စွာနှင့် အဆင့်မီစွာ ထုတ်လုပ်တပ်ဆင်နိုင်ရန် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထိုနောက် ဝန်ကြီးသည် ကျေးလက်ဒေသများ၌ တပ်ဆင်အသုံးပြုမည့် MC. WILL တယ်လီဖုန်းများကို စမ်းသပ်ခေါ်ဆိုပြီး စက်ခန်းကို ကြည့်ရှုစစ်ဆေးသည်။

(ဝဲဇုံ)

ထို့မှတစ်ဆင့် ဗဟန်းမြို့နယ် ချွေဝုံတိုင် မိုဘိုင်းလ်စခန်းရုံးသို့ရောက်ရှိရာ မိုဘိုင်းလ်အင်ဂျင်နီယာချုပ်က ရန်ကုန်မြို့၌ G.S.M လိုင်းအင်အားများကောင်းမွန်စေရေးအတွက် MSC ပင်မစခန်းခံနိုင်ငံနှံအား မြွင့်တင်ပြီးစီးမှု BTSစခန်းအသစ်ကိုးခုတပ်ဆင်ခြင်းနှင့် CU (Carrier Unit) ၉၂ခုတို့ဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက G.S.M မိုဘိုင်းလ်ဆက်သွယ်မှုများ အဆင့်မီစွာ ကောင်းမွန်စေရေး ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မိုဘိုင်းလ် အင်ဂျင်နီယာချုပ်က ၂၀၀၉ခုနှစ်တွင် ရန်ကုန်မြို့၌ စနစ် စက်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများ ကြွေပိုင်းကောင်းမွန်စေရန်နှင့် ဆက်သွယ်မှုများလျင်မြန်စွာ ဆက်သွယ်နိုင်ရေးအတွက် လိုအပ်သည်များ မှာကြား ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကျောင်းသား/သူဟောင်းများ အာရုံယူစေ်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၃

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ ၁၉၈၆ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီလ၌ ကျင်းပမည်ဖြစ်ပြီး အာစရိယပူဇော်ပွဲမတိုင်မီ ကွယ်လွန်သွားကြသည့် ဆရာကြီး ဆရာမကြီးများအား ရည်စူး၍လည်း အလှူပွဲများကို ပေးအပ်လှူဒါန်း သွားမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အလှူပွဲများ ထည့်ဝင်လိုပါက မမင်းသု ဖုန်း-၀၉-၅၀-၀၆၁၂၉၊ ကိုမင်းဦး ဖုန်း-၀၉-၅၀-၀၇၁၆၆၊ စစန်းရင်မြင့် ဖုန်း-၆၅၂၂၆၄၊ ကိုထွန်းနိုင် ဖုန်း-၀၉-၅၀၉၃၁၊ ကိုတင်ထူးနိုင် ဖုန်း-၀၉-၅၁-၄၂၀၉၉၊ ကိုကျော်ကျော်နိုင် ဖုန်း-၀၉-၅၁-၅၂၁၀၁၊ ကိုဇော်မင်းထွေး ဖုန်း-၀၉-၅၁-၉၀၂၉၀၊ ကိုကျော်မြတ်သော် ဖုန်း-၀၉-၅၀-၃၄၄၂၆၊ မဝတ္တုမြားကေခိုင် ဖုန်း-၀၉-၅၁-၄၆၅၀၉၊ ကိုရဲဝင့်ထူး ဖုန်း-၀၉-၅၀-၀၃၇၀၁၄၄ မအိမွန်ဝင်း ဖုန်း-၀၉-၅၁-၇၇၅၆၅၀၇၂၊ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးရွာစာကြည့်တိုက် စံ(၅)ရပ်နှင့်ညီညွတ်ရေး မင်းဘူးခရိုင်၌ ညိုနိုင်းအစည်းအဝေးကျင်းပ

မင်းဘူး ဇွန် ၁၃

မကွေးတိုင်း မင်းဘူးခရိုင်အတွင်းရှိ ဖွင့်လှစ်ထားသော ကျေးရွာကိုယ်အားကိုယ်ကိုး စာကြည့်တိုက်များ ခရိုင်လုံးကျတိ စံ(၅)ရပ်နှင့်ပြည့်စုံသော စာကြည့်တိုက်များဖြစ်ရေး ဆွေးနွေးပွဲကို မင်းဘူးခရိုင် မြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် မေ ၂၅ရက်က ကျင်းပသည်။

ညိုနိုင်းဆွေးနွေး

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က စံ(၅)ရပ်နှင့် ပြည့်စုံသည့် ကျေးရွာစာကြည့်တိုက်များ၏ မှတ်တမ်းစီဒီထည့်သွင်းဆောင်ရွက်ပြီးစီးမှု၊ တည်နေရာ ပြဓမ္မပုံများ တင်ပြခဲ့ခြင်းနှင့် စပ်လျဉ်း၍ တစ်မြို့နယ်ချင်း၏ဆောင်ရွက်မှုကို သုံးသပ် ဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်ရန်ကိုရှိသည့် ကျေးရွာစာကြည့်တိုက်များ လအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံကို မြို့နယ်ဦးစီးမှုများက တစ်မြို့နယ်ချင်းအလိုက် ညိုနိုင်းဆွေးနွေးတင်ပြရာ မင်းဘူးခရိုင်တွင် ဖွင့်လှစ်ပြီး ကျေးရွာကိုယ်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၉၆ဝတို့ကိုရှိရာ ၂၀၀၉ခုနှစ် မတ်လကုန်အထိ စံ(၅)ရပ်နှင့် ညီညွတ်သော ကျေးရွာ စာကြည့်တိုက်ပေါင်း ၆၄၂တို့ကို ဆောင်ရွက်ပြီးစီးခဲ့၍ ဖဒေသဓနဥ ရာခိုင်နှုန်း ဆောင်ရွက် နိုင်ခဲ့သည်။ ဆွေးနွေးပွဲသို့ မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး(စကု)၊ စလင်း၊ ပွင့်ဖြူ၊ ငဖဲ၊ စေတ္တတွရာမြို့နယ် ဦးစီးမှုများ၊ ခရိုင်တာဝန်ရှိသူများ၊ ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

လမ်းမတော်မြို့နယ်၌ စာကြည့်တိုက်ပညာသင်တန်းဆင်း

ရန်ကုန် ဇွန် ၁၃

ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း ဖွင့်လှစ်သည့် စာကြည့်တိုက်ပညာသင်တန်း (၁/၂၀၀၉)ဆင်းပွဲကို ဇွန် ၁၀ရက် မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်း လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးခင်ဇော်၊ ရန်ကုန် အနောက်ပိုင်းခရိုင်ဦးစီးအရာရှိ ဦးတင်ကို၊ မြို့နယ်ဦးစီးမှူး ခေါ်ခင်မကြီးနှင့် နည်းပြ ဦးစီးမှူးများ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြား ထားသူများနှင့် သင်တန်းသား သင်တန်းသူ ၄၈ဦး တက်ရောက်ကြသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက သင်တန်းဆင်း အမှာစကား ပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဇော်က သင်တန်းတွင် ထူးချန်ဆုရသူတစ်ဦးအား ဆုချီးမြှင့် ပေးအပ်သည်။ **(အေပါ်ဝဲ)**

(မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ မှူးရုံး ပညာသင်စရိတ်ပေးအပ်

တောင်ကြီး ဇွန် ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီး မြို့ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၏ ၂၀၀၉-၂၀၁၀ပညာသင်နှစ်အတွက် ပညာသင်စရိတ် ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၇ ရက်က ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ကမ္ဘာ့ခရန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်က တက္ကသိုလ်အဆင့် တစ်ဦးလျင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ၁၇ဦး၊ အထက်တန်းအဆင့် တစ်ဦးလျင် ငွေကျပ် ၄၀၀၀ နှုန်းဖြင့် ၂၇ဦး၊ အလယ်တန်းအဆင့် တစ်ဦးလျင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ၂၇ဦး၊ မူလတန်းအဆင့် တစ်ဦးလျင် ငွေကျပ် ၂၀၀၀နှုန်းဖြင့် ၅၈ဦး စုစုပေါင်းတပ်ဖွဲ့ဝင် မိသားစုသားသမီး ၁၂၉ ဦးတို့အား တန်ဖိုး ငွေကျပ် ၃၉၀၀၀၀နှင့်ညီမျှသော ဗလာ စာအုပ်၊ ဘောပင်၊ ခဲတံ၊ ပေတံနှင့် ခဲဖျက်တို့ကို ပေးအပ်ကြောင်း သိရသည်။

(အပေါ်ဝဲ) (ခရိုင် ပြန်/ ဆက်)

ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ရွှေတောင်-ရွှေနတ်တောင် ကတ္တရာလမ်းပေါ်ရှိ ကုတ္တိတော သစ်သားတံတားပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် အဖွဲ့ဝင်များ မေ ၂၇ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်ညီညီဆွေတို့က လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြခဲ့၏။

(မြို့နယ်စည်ပင်)

စက်ရေတွင်းပြင်ဆင်ထိန်းသိမ်း လုပ်ငန်းဆောင်ရွက်မှုစစ်ဆေး

အောင်လံ ဇွန် ၁၃

ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ဆောင်လံမြို့နယ် သခြေဲ့ကျေးရွာရှိ စက်ရေတွင်းပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မကွေးတိုင်း ရည်ပန်းသာယာရေးအဖွဲ့ ညွှန်ကြား ရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ ဆောင်လံမြို့နယ် စည်ပင်သာ ယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက် ဆောင်က ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

ဥတုရာသီ တောကိုမှီ၏

ပွင့်ဖြူ-စလင်းလမ်းဆုံ မြေယာရှုခင်းဆောင်ရွက်

ပွင့်ဖြူ ဇွန် ၁၃

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ထွန်းနှင့် အဖွဲ့သည် ဇွန် ၄ရက်က ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ပွင့်ဖြူ-စလင်းလမ်းဆုံရှိ မြေယာရှုခင်း ဆောင်ရွက်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခိုင်လွင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမိုးကျော်တို့က ရှင်းလင်း တင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

စုစည်းတင်ပြသူ - မောင်ချစ်ကြည်

အာဖဂန်တောင်ပိုင်း၌ ပုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

အာဖဂန်နဒူတန်နိုင်ငံတောင်ပိုင်း ဟယ်လ်မန်ပြည်နယ် ဂီရက်ခ်ခရိုင်တွင် ဇွန်၁၃ရက် ခွန်းလွဲ၂နာရီက ပုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ အရပ်သားယာဉ်မောင်းလေးဦး သေဆုံးပြီး မော်တော်ယာဉ် ၁၀စီး ပျက်စီးသွားသည်။

မလေးရှား၌ A(H1N1) တုပ်ကွေးထပ်မံဖြစ်ပွား

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ A(H1N1) တုပ်ကွေးရောဂါ ဖြစ်ပွားသူတစ်ဦးကို ဇွန်၁၃ရက်၌ ထပ်မံတွေ့ရှိရသဖြင့် ဆေးရုံတင်ပို့ခဲ့သည်။ ယခုဖြစ်ပွားသူမှာ အသက် ၁၉နှစ်အရွယ် ဆေးကျောင်းသားတစ်ဦး ဖြစ်ပြီး ကြောဓိက ဩဇာကြေးလွှန်နိုင်ငံမှ ပြန်လာသူဖြစ်ကြောင်း၊ မလေးရှားနိုင်ငံ၌ ယင်းတုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၁၂၅ဦးရှိပြီ ဖြစ်ကြောင်း မလေးရှားကျန်းမာရေးအရာရှိများက ပြောကြားသည်။

အမေရိကန် ကော်ဂိုနာဒိုပြို့၌ ကျောင်းသားပျားပူးဝေအော့အန်

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း ကော်ရိုနာဒို မြို့၌ ဇွန်၁၃ရက်က မူလတန်းစာသင်ကျောင်းဆီး ဓာတ်ငွေ့သိလှောင်ကန်မှ ဓာတ်ငွေ့များစိမ့်ထွက်မှု အနံ့များကြောင့် ကျောင်းသား၂၂ဦး မူးဝေအော့အန်ကြသဖြင့် ဆေးရုံသို့ တင်ပို့လိုက်ရသည်။

A(H1N1) တုပ်ကွေးရောဂါ ဆေးစမ်းသပ်ဖော်ထုတ်နိုင်

ဆွစ်ဇာလန်နိုင်ငံရှိ နီဗာတစ်ခံဆေးကုဗဏီမှ ဆေးဝါးသုတေသန ပညာရှင်များက ကမ္ဘာနိုင်ငံများတွင်ဖြစ်ပွားနေသော A(H1N1) တုပ်ကွေးရောဂါအား ဟန့်တားတိုက်ဖျက်နိုင်သည့်ဆေးကို ဆောင်မြင့်စွာ စမ်းသပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ဇွန်၁၃ရက်က ပြောကြားသည်။

ဂျပန်၌ ရော်ဘာစက်ရုံပြုကျ၊ သုံးဦးသေဆုံး

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ဆိုရီတာဖြို့တွင် ဇွန်၁၃ရက်က ရော်ဘာစက်ရုံ ပြိုကျမှုဖြစ်ပွားရာ အလုပ်သမား၃ဦးပြီး သေဆုံးခဲ့ကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းကျဆင်း

ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်းများကျဆင်းလျက်ရှိရာ အမေရိကန်ဈေးကွက်၌ ဇွန်၁၃ရက် ဈေးပိတ်ချိန်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၉၄၀၁၁၀၀ အထိ ကျဆင်းခဲ့ကြောင်း အမေရိကန်နိုင်ငံမှ ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

အိန္ဒိယကုန်တင်လေယာဉ် မီးလောင်မှုကြောင့် ပြန်ဆင်းသက်ရ

ဂျာမနီနိုင်ငံ ဖရန့်ဖွတ်မြို့သို့ ဇွန်၁၃ရက်က ပျံသန်းလာသော ကုန်တင်လေယာဉ်တစ်စီးမှာ ကုန်ပစ္စည်းများတင်ဆောင်သည်နေရာ၌ မီးလောင်မှုဖြစ်ပွားပြီး မီးခိုးများထွက်ရှိလာမှုကြောင့် ခွမ်ဘိုင်းလေဆိပ်သို့ ပြန်လှည့်ကာ အဖြန့်ပြန်လည်ဆင်းသက်ခဲ့ရကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။

နာဆာအာကာသယာဉ်လွှတ်တင်မှု ရက်ရှည်ဆိုင်း

နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ ဇွန်၁၃ရက် နံနက်၇နာရီ ၁၇မိနစ်၌ လွှတ်တင်ရန် စီစဉ်ထားသည့် အင်ဒီဗားအာကာသခုံးရုံးယာဉ်မာဟိုက်ခရီဂျင်တာတွေ့များ မိမိယွက်နေမှုကြောင့် လွှတ်တင်ရန် နောက်ထပ် ၂၄နာရီ ရွှေဆိုင်းလိုက်ရကြောင်း နာဆာမှ သတင်းထုတ်ပြန်သည်။

နိုင်ဂျီးရီးယား၌ ဓာတ်ငွေ့ပိုက်လိုင်းဖောက်ခွဲခံရ

နိုင်ဂျီးရီးယားနိုင်ငံ ဒဲလ်တာဒေသတောင်ပိုင်းရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက ဇွန် ၁၃ရက်၌ ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ဓာတ်ငွေ့ဖြန့်ဖြူးမှု ရပ်ဆိုင်းသွားကြောင်း သိရသည်။

ဗီယက်နမ်လုပ် ဂြိုဟ်တုလွှတ်တင်ရန် စီစဉ်နေ

ဗီယက်နမ်နိုင်ငံက ပြည်တွင်းလုပ် ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို လာမည့် ၂၀၁၃ခုနှစ်၌ အာကာသသို့ လွှတ်တင်ရန် စီစဉ်ထားကြောင်း ဗီယက်နမ် အာကာသရေးရာအရာရှိများက ဇွန်၁၃ရက်တွင် ပြောကြားသည်။

(အင်တာနက်)

မော်လမြိုင်မြို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီး ခွဲစိတ်ကုသဆောင် ပန္နက်တင်မင်္ဂလာကျင်းပ

နေပြည်တော် ဇွန် ၁၃

မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီး ခွဲစိတ်ကုသဆောင်သစ် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို မေ၃၀ရက် နံနက် ၉နာရီတွင် အဆိုပါဆေးရုံကြီး သတ်မှတ်နေရာ၌ကျင်းပရာ မွန်ပြည်နယ်အစားချမ်း သာယာရေးနှင့် မွဲဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဇနီး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက ခွဲစိတ်ကုသဆောင်သစ် ပန္နက်တိုင်ကို ရိုက်နှိပ်ပြီး အမွေးနုံသာများ ပက်ဖျန်းပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ဆေးရုံအုပ်ကြီးက ခွဲစိတ်ကုသဆောင်သစ် တည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးကလိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက်ဆင့် တိုင်းမှူးသည် အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပသော ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်သည်။

တက်ရောက်

တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဇွန်၁ရက် နံနက်နာရီတွင် မော်လမြိုင်မြို့ တောင်ပေါ်တန်း ရွာဝင်းသာ၌ ကျင်းပသည့် ကမ္ဘာ့ပတိုဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်ပြီး အရိပ်ရပင်များကို စိုက်ပျိုးကြသည်။

(သတင်းစဉ်)

ညောင်လေးပင်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇွန် ၁၃

ညောင်လေးပင်မြို့နယ် အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေးကို ဇွန် ၂၁ရက် (တနင်္ဂနွေ) နံနက် ၉နာရီခွဲတွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ ရဂိုင်မွာရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် (၇၅)နှစ်အထက် သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ခြင်း၊ နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့တံဆိပ်ရသူများ၊ ဂုဏ်ထူးဆောင်တံဆိပ်ရသူများ၊ထူးချွန်ဆုရသူများအား ဂုဏ်ပြုခြင်း၊ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရသူများအား ပညာရည်ချွန်ဆုပေးခြင်းနှင့် ညောင်လေးပင်မြို့နယ် အသင်း(ရန်ကုန်)သို့ အလှူတော်စိသိန်းနှင့်အထက်လှူဒါန်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းတို့ပြုလုပ်မည်ဖြစ်ကြောင်း၊ ကန်တော့ခံ ပုဂ္ဂိုလ်များ၊ ဂုဏ်ထူးဆောင်ထူးချွန်ဆုရသူများနှင့်ဂုဏ်ထူးဆုရကျောင်းသား၊ ကျောင်းသူများ အဖြေပြင့် ဦးထွန်းရီ ဖုန်း- ၅၁၀၃၁၈၊ ဦးမောင်မောင် ဖုန်း-၅၄၁၈၁၈၊ ဝဒု-၅၁-၅၀၆၂၈၊ ဦးအေးဝင်း ဖုန်း-၃၉၄၅၁၂၊ ဦးလှဝင်း ဖုန်း-၇၂၆၂၆၄၊ ဝဒု-၅၀-၁၃၇၄၄၊ ဒေါ်ကြင်စိန် ဖုန်း-၂၉၄၄၈၄ နှင့် ဒေါ်မူမူလှ ဖုန်း-၅၇၃၇၇၈ တို့ထံ အချိန်မီအကြောင်းကြားကြပါရန်နှင့် မြို့နယ်သူ၊ မြို့နယ်သားများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေး ဆွေးနွေးဟောပြော

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ကြီးမဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ အမှတ်(၅) ယာဉ်ထိန်း နယ်မြေမှူး ဒုတိယရဲမှူး မောင်မောင်သက်နှင့်အဖွဲ့သည် ယမန်နေ့ နံနက်၁၀နာရီခွဲတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်း လမ်းရှိ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ရုံး၌ ဌာနဆိုင်ရာယာဉ်မောင်း ၃၄ဦးအား ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဆိုင်ရာများ အသိပညာပေး ဆွေးနွေးဟောပြော ပို့ချခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မကွေး၌ ရွှေလုပ်ငန်းရှင်များအသင်း ဆိုင်းဘုတ်တင်

မကွေး ဇွန် ၁၃

မကွေးတိုင်း ရွှေလုပ်ငန်းရှင်များအသင်း ဆိုင်းဘုတ် တင် အခမ်းအနားကို ဇွန် ၇ရက် နံနက် ၉နာရီတွင် မကွေးမြို့ အမှတ် ၂၁ ပြည်တော်သာလမ်း၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးထွန်းကြည်နှင့် အလုပ်အမှုဆောင်များ၊ အသင်းသား အသင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးထွန်းကြည်က မကွေးတိုင်း ရွှေလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးဇေယျက ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားရှင်းလင်းကာ မကွေးတိုင်း ရွှေလုပ်ငန်းရှင်များအသင်း ဆိုင်းဘုတ်ကို တင်ကြသည်။ **(အပေါ်ပုံ)**

တိုးမြှင့်ဖွဲ့စည်း

ရွှေလုပ်ငန်းရှင်များအသင်းကို ယခင်က မြို့နယ်အဆင့်သာ ဖွဲ့စည်းခဲ့ဖြီး ယခုအခါ တိုင်းအဆင့်သို့ တိုးမြှင့်ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌ ဦးထွန်းကြည်၊ ဒုတိယဥက္ကဋ္ဌ ဦးဇေယျ၊ အတွင်းရေးမှူး ဦးမြင့်ဆွေ၊ တွဲဖက်အတွင်းရေးမှူးဦးဇော်မြင့်ထွန်း၊ ဘဏ္ဍာရေးမှူး ဦးဝင်းလွင်ဦး၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးကျော်လွင်နှင့် အလုပ်အမှုဆောင် ငါးဦးတို့ ပါဝင်ကြသည်။

(ဝဂ္ဂ)

မှတ်သားဖွယ်ရာ မိုးရေချိန်

၁၃-၆-၂၀၀၉

ကျိုက္ခမီ	၃၃သဝ၁လက်မ
ပေါင်	၂၃သဝ၉၅လက်မ
ကျောက်ဖြူ	၂၃သဝ၃၇လက်မ
ရေး	၂၃သဝ၁၃လက်မ
ထားဝယ်	၂၃သဝ၀၁လက်မ
ဘားအံ	၁၃သဝ၅၅လက်မ
မော့ဘီ	၁၃သဝ၅၇လက်မ

မြန်မာ့အလင်း

သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဇွန် ၁၃

ကွန်ပျူတာပညာရှင်အသင်း သင်တန်းဖွင့်မည်

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း(MCPA)နှင့် Networking ကုမ္ပဏီတစ်ခုဖြစ်သော Allied Telesis တို့ ပထမဆုံးအကြိမ် ပူးပေါင်း၍ Layer 2 Networking သင်တန်းကို ဇူလိုင် ၄ရက်နှင့် ၅ရက်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဒိုတက်ခ်ရှိ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၌ ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသူများ ဇွန် ၂၅ရက် နောက်ဆုံးထား၍ အဆောင့်င အခန်းနှင့် မြန်မာအင်ဒိုတက်ခ် ဖုန်း-၀၅၂၂၇၆၃၇ စာရင်းပေးသွင်း၍ ဆက်သွယ်စုံစမ်းနိုင်သည်။

ခြင်းအလှခတ်ပွဲ လာရောက်ကြည့်ရှုနိုင်

အားကစားနှင့်ကာယပညာဦးစီးဌာန၏ ပုံပြားမှတ်ပုံတင်ရုံးအဆင့်လပ်စန္ဒ အထိမ်းအမှတ်အဖြစ် မြန်မာရိုးရာ ခြင်းလုံးအလှခတ် အကျော်အမော်များ၏ အချိုးသား အချိုးသမီး ခြင်းလုံးခတ်စွမ်းရည်ပြပွဲ၊ ၁၅ရပ်ပြပွဲများကို လှိုင်မြို့နယ်ရှိ ဘုရင့်နောင် ခြင်းလုံးအားကစားရုံ (ရောင်း၀)၌ ဇွန် ၂၁ ရက် ဒွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ စိတ်ဝင်စားသူ ခြင်းဝါသနာရှင်များ အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်က နှိုးဆော်ထားသည်။

စစ်ကွင်းအသင်း နှစ်ပတ်လည်စည်းဝေးမည်

စစ်ကွင်းအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အခမ်းအနားနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဇွန် ၂၈ရက် (တနင်္ဂနွေ)တွင် စစ်ချောင်းမြို့နယ် ဥယျာဉ်တိုက်ကျောင်း၀င်း၌ ကျင်းပမည်ဖြစ်ရာ အသင်း၀င်များ တက်ရောက်ကြရန်နှင့် အသူရေများကို ဖုန်း-၅၁၁၀၄၁ နှင့် ၅၄၈၇၁၁၀၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

သူနာပြုနှင့်သက်ကြီးစောင့်ရှောက်မှုသင်တန်းဖွင့်မည်

နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ အခြေခံ သူနာပြုနှင့် သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်မှု ခြောက်လသင်တန်း အမှတ်စဉ်(၃) ဖွင့်မည်ဖြစ်ရာ တက်ရောက်လိုသူများသည် ဇွန် ၂၆ရက် နောက်ဆုံးထား၍ လျှောက်ထားကြရမည်ဖြစ်ပြီး အသေးစိတ်ကို ဖုန်း-၅၄၆၁၉၆ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ပြည်နယ်/တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ မန္တလေး၌ ကျင်းပမည်

၂၀၀၉ခုနှစ် အကြိမ်(၄၀)မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲနှင့် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲကို မန္တလေးမြို့ ဝဒုတအားကစားကွင်း မိုးလုံလေလုံအားကစားရုံ၌ ဇူလိုင် ၁၁ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်း ပြိုင်ပွဲ အတွက် အုပ်ချုပ်ရေးမှူး အစည်းအဝေးနှင့် ပွဲစဉ်ရေးဆွဲခြင်းကို ဇူလိုင်၁၀ရက်နှင့် အမျိုးသားတံခွန်စိုက်ပြိုင်ပွဲအတွက် ပွဲစဉ်ရေးဆွဲခြင်းနှင့် အသက်စိစစ်ခြင်းကို ဇူလိုင်၁၅ရက်တို့တွင် ဝဒုတအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

မေလအတွင်း ယာဉ်တိုက်မှု ၆၆၄ မှုဖြစ်ပွားခဲ့

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းများတွင် မေလအတွင်း၌ ယာဉ်တိုက်မှု ၆၆၄မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၈၆ဦး၊ ဒဏ်ရာရသူ ၁၂၃၃ဦး ရှိကြောင်း။ မန္တလေးတိုင်း၌ ယာဉ်တိုက်မှုကြောင့် သေဆုံးသူ အများဆုံး ၂၈ဦးရှိခဲ့ပြီး ရန်ကုန်တိုင်းနှင့် ကချင်ပြည်နယ်တွင် ၁၈ဦးစီနှင့် ချင်းပြည်နယ်၌ သေဆုံးသူတစ်ဦး အနုံးဆုံးဖြစ်ခဲ့ကြောင်း သိရသည်။

လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ အစီအစဉ်ဖြင့် ဟောပြောပွဲတစ်ခုကို ဇွန် ၂၈ရက် (တနင်္ဂနွေ) နံနက် ရနာရီတွင် ရန်ကုန်မြို့ ၁/၁၉ သခင်မြဟန်းခြင်းမ်း အလုံမြို့နယ်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဟောပြောပွဲ တက်ရောက်ခွင့်ရှိသူများမှာ လက်မှတ်ရပြည်သူ့စာရင်းကိုင်များဖြစ်ပြီး CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်သည်။

ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ တင်ဆက်မည်

၂၀၀၉ခုနှစ် နွေလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က စီစဉ်သော ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓောတ်ရုံ၌ ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ညစဉ် ၇နာရီ၌ တင်ဆက်မည် ဖြစ်သည်။

စက်မှု(၁)ဈေးရောင်းပွဲ အင်းစိန်၌ရောင်းချလျက်ရှိ

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို ဇွန်၁၁ရက်က အင်းစိန်မြို့နယ် ဗဟိုလမ်းနှင့် ဆေးဝါးလမ်းထောင့်၌ ဖွင့်လှစ်ခဲ့ရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက်မှုလုပ်ငန်း ခြောက်ခုမှ ထုတ်ကုန် ပစ္စည်း ၃၁၄မျိုးကို ရောင်းချလျက်ရှိပြီး ဇွန် ၁၇ ရက်အထိ နံနက် ရနာရီမှ ည ၈နာရီအထိ ရောင်းချနေကြောင်း သိရသည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

* *ကျောမှုံမှ*

မြန်မာ့အလင်းသတင်းအဖွဲ့သည် မကြာမီက ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသ ဖွံ့ဖြိုးတိုးတက်ရေး သတင်းဆောင်းပါးများ ရေးသားတင်ပြနိုင်ရန် သွားရောက်ခဲ့ရာ သိန်းနီမြို့သို့လည်း ရောက်ခဲ့သည်။

တည်ရှိ

သိန်းနီမြို့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင်အတွင်း၌ တည်ရှိသည်။ ယင်းမြို့မှာ လားရှိုး-မူဆယ်ကားလမ်းမကြီးပေါ်၌ တည်ရှိသော မြို့ဖြစ်သည်။ လားရှိုးနှင့် သိန်းနီမြို့ အကွာအဝေး ခရီးမိုင် ပေါင်းမှာ ၂၈မိုင်ဖြစ်သည်။ သိန်းနီမြို့သို့ မရောက်မီ ဟိုဂိတ်ကျေးရွာကို တွေ့ရသည်။ ကျေးလက်မှ မြို့ပြ အသွင် ဆောင်လာသော နေအိမ် တိုက်တာများ တွေ့ရသည်။

ယင်းမှ ဆက်လက်ထွက်ခွာခဲ့ရာ သိန်းနီမြို့အနီး၌ စံလောင်းကျေးရွာကို တွေ့ရသည်။ စံလောင်းကျေးရွာတွင် (၁၆)ခုတင်ဆုံ ဆေးရုံတစ်ရုံ ဖွင့်လှစ်ထားကြောင်း သိရသဖြင့် ကားပေါ်မှ အပြေး အမြန်ဆင်းကာ ဝင်ရောက်လေ့လာခဲ့သည်။ သန့်ရှင်းသပ်ရပ်သော တိုက်နယ်ဆေးရုံဖြစ်ပြီး ဒေသ နေ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု အပြည့်အဝပေးနိုင်သည့် ဆေးရုံပင်ဖြစ်ကြောင်း သိရသည်။ ယင်းဆေးရုံကို ၂၀၀၄ခုနှစ် အောက် တိုဘာလက တည်ဆောက် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

စံလောင်းကျေးရွာမှဆက်လက်ထွက်ခွာခဲ့ရာ တည်ဆောက်လျက်ရှိသော မြို့တော်ခန်းမ

တည်ဆောက်လျက်ရှိသော သိန်းနီမြို့ မြို့တော်ခန်းမ အဆောက် အဆဲ.....။ (မြန်မာ့အလင်း)



သိန်းနီမြို့သည် ယခင်နှင့်မတူ တိုးတက်ပြောင်းလဲခဲ့ပြီဖြစ်သည်။ အနာဂတ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ မြို့တော် လားရှိုးနှင့် နယ်စပ်ဒေသမြို့ မူဆယ်မြို့အကြား တည်ရှိနေခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီဖြစ်၍ စီးပွားရေး တိုးတက်ကောင်းမွန်သော နယ်စပ်ဒေသမြို့ အဖြစ် ဖွံ့ဖြိုးလာမည် ဖြစ်သည်။

သိန်းနီမြို့တော်ခန်းမ အဆောက် အဆဲနှင့် ဝင်းမုဉ်နေသည့်ဆင်းရွှေလီ ဧရေပါး စိုက်ခင်းများ တွေ့ရလေ သည်။ ဧရေပါးစိုက်ပျိုးရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေးကို စီးဆင်း လျက်ရှိသော ရေတံခွန်ငယ်များမှ တစ်ဆင့် ရောက်ကြီးတစ်ခု ဆည်ဖွဲ့ဧရေ လျက် စိုက်ပျိုးရေးပူကာ စိုက်ပျိုးနေ ခြင်းဖြစ်သည်။ ဆင်းရွှေလီ စပါးမျိုး မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် စိုက်ပျိုးနေသည့် အထွက်နှုန်းကောင်း စပါးမျိုးဖြစ်ကြောင်း သိရသည်။ တစ်ကေအထွက်နှုန်း တင်း၂၀၀ကျော် ထွက်ရှိနေကြောင်း သိရသည်။

ဆင်းရွှေလီ

သိန်းနီမြို့နယ်သည် ချိုင့်ဝှမ်း လွင်ပြင် ကျယ်ပြန့်စွာရှိနေခြင်းကြောင့် စပါးစိုက်ပျိုးကေ များစွာရှိနေသော ဖြင့် ဆောက်လုပ်ထားခြင်း ဖြစ်ရာ မြန်မာ့ဓိသုကာလက်ရာစစ်စစ်ပင် ဖြစ် တော့သည်။

သက်ရှင့်မြေ

ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ တောင်တန်းကြီးများသည် သက်ရှင့် မြေများဖြင့် ဖွဲ့စည်းတည်ရှိနေသဖြင့် ဖြုန်းကျင်းများစွာ တည်ရှိနေသည်။ ယင်းဖြုန်းကျင်းများစွာ ရှိနေခြင်းကပင် ဒေသခံများအတွက် နေအိမ်တိုက်တာ ဆောက်လုပ်ရန် ပို၍အဆင်ပြေစေ သည်။ အချို့သော နေအိမ်များတွင် နေအိမ်ခြံစည်းရိုးများကိုပင် ကိုယ်တိုင် လုပ် အုတ်များဖြင့် ပြုလုပ်ထားသည်ကို တွေ့ရသည်။

သိန်းနီမြို့နယ် စံလောင်းကျေးရွာရှိ (၁၆)ခုတင်ဆုံ တိုက်နယ်ဆေးရုံကို ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

မြို့နယ်ဖြစ်သည်။ မြို့ကို ဆင်းရွှေလီ စပါးခင်းများက ဝိုင်းရံထားသည်။ သိန်းနီမြို့တွင်းသို့ ဝင်လိုက်သည် ဆိုလျှင်ပင် နေအိမ်တိုက်တာသစ်များ ကို အတော်များများ တွေ့ခဲ့ရသည်။ ဆောက်လုပ်ထားသည့်နေအိမ်တိုက်တာ အများစုမှာ မြေနှံနှင့် ထုံး၊ သဲတို့ဖြင့် ပြုလုပ်ထားသော လက်ရိုက်အုတ်များ

သိန်းနီမြို့ကို ဖြတ်ကျော်ပြီး နောက် တောင်ကုန်းတောင်တန်းကြီး များကို လွှန်ပြန်ထိုး ဖောက်လုပ် ထားသည့် ကားလမ်းများအတိုင်း တောင်များအား တစ်လုံးပြီး တစ်လုံး ကျော်တက်လာခဲ့သည်။ များမကြာမီ သိန်းနီမြို့၏ သာယာလှပသောရှုခင်း ကို အမြင့်စီးမှ ရှုမြင်ခံစားရပေ တော့သည်။

သိန်းနီမြို့သည် ယခင်နှင့်မတူ တိုးတက်ပြောင်းလဲခဲ့ပြီ ဖြစ်သည်။ အနာဂတ်တွင် ရှမ်းပြည်နယ်(မြောက် ပိုင်း)၏ မြို့တော် လားရှိုးနှင့် နယ်စပ် ဒေသမြို့ မူဆယ်မြို့အကြား တည်ရှိ နေခြင်းကြောင့် လမ်းပန်းဆက်သွယ် ရေး ကောင်းမွန်လာပြီဖြစ်၍ စီးပွားရေး တိုးတက်ကောင်းမွန်သော နယ်စပ် ဒေသမြို့အဖြစ် ဖွံ့ဖြိုးလာမည် ဖြစ် သည်။

ဝိုင်းရံလျက်

တောင်တန်းကြီးများဝိုင်းရံလျက် လှပနေသော သိန်းနီမြို့။ ဤမြို့၏ လှပမှုကား နေအိမ်တိုက်တာခေါင်မိုး များမှာ နေရောင်ကြောင့် အလင်းပြန် ထွက်ကာ တောက်ပနေမှုကြောင့် ဖန်မှန်တိုဖြင့် ဆောက်လုပ်ထားသော နန်းမြို့ကြီးအလားပင်။ ကျယ်ဝန်းလှပ သော ခွေစပါးခင်းများကလည်း မြို့ကို ဝိုင်းရံလျက်ရှိခြင်းကြောင့် စိန်ကိုဖြရံ သည့် လက်ဝတ်တန်ဆာတစ်ခုအလား ထင်ရှားလှပလှစေတော့သည်။

ဤသို့ တိုးတက်ပြောင်းလဲလာ သောမြင်ကွင်းအဖုံဖုံသည် နိုင်ငံတော် အစိုးရက ၁၉၉၈ခုနှစ် နောက်ပိုင်း နယ်စပ်ဒေသများ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေး အစိုးရအဖုံဖုံမြှင့်တင် ဆောင်ရွက်ပေးခဲ့ မှုကြောင့် တိုးတက်ပြောင်းလဲလာသော သာဓကများပင်ဖြစ်ပါကြောင်း သတင်း ခရီးတစ်ထောက် ရေးသား တင်ပြ လိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

တိုးတက်ပြောင်းလဲလာသော ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့၏ မြင်ကွင်းအလှကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)



ဆရာ့ဂုဏ်ရည်

ဆရာဆိုသည်မှာ လူ့ဘောင်အဖွဲ့အစည်း ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် မွန်မြတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ရွေးချယ်ဆောင်ရွက်နေသူများ ဖြစ်သည်။ ဆရာရာရာ နှိုင်းကာ ချိန်ဆပဲ့ပြင်တတ်ကြသော ပုဂ္ဂိုလ်၊ တပည့် အပေါင်းတို့အား ချစ်မြွေ့သည့် အရိပ်အာဝါသပေးနိုင်ကြသည့် ပုဂ္ဂိုလ်၊ ပစ္စုပ္ပန် သဲသရုန်စိတ်ဖြာသောအကျိုးကို ညွှန်ပြဆုံးမနိုင်သောပုဂ္ဂိုလ်ဟု ရှေးပညာရှင်တို့က အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်။ ''ရှေးရွှေမွေ့တာ၊ ကရုဏာဖြင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတိုင်းဆိုရှု ကျိုးလိုစိတ်က ဆုံးမတတ်သူ ဆရာဟူလေ့''ဟု မဃဒေဝ လက်ဘမှာ ဆရာအဓိပ္ပာယ်ကို ဖွင့်ဆိုထားသည်။

မိမိတို့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၊ မြန်မာ့ယဉ်ကျေးမှုအနေဖြင့်ကား ဆရာများအပေါ်တွင် ဤမျှထက်မက ပိုမိုလေးနက်စွာ တန်ဖိုးထားကြသည်။ ရှေးအစဉ်အဆက်ကပင် မြတ်ဆရာများကို ဘုရားနှင့် တစ်ပိုင်းတည်းထားဖျဉ်း အနန္တဩဿနှင့်ဂုဏ်ပင် ကျေးဇူးရှင်များအဖြစ် သတ်မှတ်ထားကြသည်။ ဆရာသမားကို မိမိတို့၏ အမိအဖကဲ့သို့ ခံယူထားသည်။

ဆရာဟူသည်
တူညီနှိုင်းဆို
မြင်မိုရ်ဖြတောင်ဦး
မကကျူးသည့်
ကျေးဇူးတရား
ဘုရားနှင့်နှိုင်း
တစ်ပိုင်တစ်ပြား
အနန္တဂိုဏ်းဝင်
ကျေးဇူးရှင်

ဟု ပညာရှိတို့ တင်စားခဲ့ ဆရာဝတ္တရား၊ ဆရာ့ ဂုဏ်ရည်၊ ဆရာ့တန်ဖိုးတို့ကို ဖော်ညွှန်း ပြဆိုထားသည့် ကဗျာ၊ လင်္ကာ၊ စကားပုံ၊ ဆုံးမစာ စာပေများစွာ ရှိခဲ့သည်။ ဆရာကို ပညာဥယျာဉ်မှူး၊ ပန်းပျိုးလက်၊ ဘဝပုံကိုင်မှူး၊ ဘဝပုံကိုင် ဆီမီးတိုင်၊ ဆရာကောင်းမှ တပည့်ကောင်း၊ ဆရာကောင်းတပည့် ပန်းကောင်းပန်၊ ဆရာကာပြန် အာလုံစူးစသဖြင့် ဆရာ့ဂုဏ်၊ ဆရာ့ကျေးဇူး၊ ဆရာ့တန်ဖိုး ကို ပြောဆိုရေးသားကြသည်။ ''**ငါးပိဖုတ်တောင် ဆရာ မပြရင် နည်းမကျ**'' ဟု ဆိုကြသည်။ စကားနာ၊ ဝါသနာ အနှစ်နာ နာသုံးနာဖြင့် ပြည့်စုံကြသူဟု သတ်မှတ်အဖွဲ့မ်းတင်ကြသည်။ စင်စစ်ဆရာ့တာဝန်မှာ ကြီးမားများပြားလှသည်။ စကစနာထားလျှင် ထားသရွေ့ နာသုံးနာမကပါ။ ဥာဏ်အဆင့် အမျိုးမျိုးရှိသော တပည့်များအားလုံး တစ်ဦးမကျန် မတတ်တတ်အောင်၊ ရှင်းလင်းနားလည် သဘောပေါက်သွားအောင်၊ လိမ္မာယဉ်ကျေးအောင် ပြောဆို ဆုံးမလှုံ့ဆော်သဖြင့် လည်ချောင်းပါ ''**နာ**''ရသော ''**နာလေးနာ**'' ဖြစ်သွား ရသည့် ဆရာများဖြစ်ပါသည်။

''**အလိမ္မာ စာမှာရှိ**'' ဟူသည့် စကားရှိသည်။ အလိမ္မာစာမှာရှိခြင်းသည် အကျိုး မကြီးလှသေးပါ။ အလိမ္မာ လူမှာရှိခြင်းကား ကြီးမားသော တန်ဖိုး ဖြစ်သည်။ စာမှာရှိသော အလိမ္မာကို လူမှာရှိသွား၊ ရောက်သွားအောင် ပို့ဆောင် ပေးသောသူများ၊ တပည့်တို့၏ဘဝတွင် အဖြေရှာမှားမသွားရအောင် လမ်းညွှန် ပုံပြင်ပေးသူများကား ဆရာများပင် ဖြစ်ပါသည်။ ဘဝတစ်ခု၏ တင့်တယ်ခြင်း သည် ဆရာများ၏ ကျေးဇူးတရား အများအပြား ပါဝင်သည်။

ဆရာများသည် မြင့်မြတ်သော တာဝန်ဝတ္တရားများ ကို ဆောင်ရွက်နေကြသူများဟု သတ်မှတ်ပါသည်။ ကမ္ဘာတွင် မည်သည့်လူသားမျှ ဆရာကင်း သောသူ မရှိနိုင်ပါ။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ''**ကမ္ဘာ့ဆရာများနေ့**''ကို ၁၉၆၆ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့မှစ၍ သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ၂၀၀၂ခုနှစ် အောက်တိုဘာလ ၅ရက်နေ့မှစ၍ နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့ ဆရာများနေ့ကို နိုင်ငံတော်အဆင့်အနေဖြင့် သတ်မှတ်ကျင်းပလျက်ရှိသည်။

တပည့်များကို ပညာရဲရင့် ပွဲလယ်တင့်စေသော ဆရာများ၏ဂုဏ်ကျေးဇူး ကို ပူဇော်သည့် အာစရိယပူဇော်ပွဲများကို မြန်မာနိုင်ငံအနှံ့အပြားတွင် သီတင်း ကျွတ်သည်မှစတင်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။ အခြေခံ ပညာကျောင်းများ၏ ကျောင်းအလုပ်ကို အာစရိယပူဇော်ပွဲများ၊ ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ပညာရေး၊ စီးပွားရေးစသည့် တက္ကသိုလ်၊ ကောလိပ်

ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်

များ၏ အာစရိယပူဇော်ပွဲများ၊ နယ်တက္ကသိုလ် အသီးသီးတွင် နှစ်အလိုက် ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲများ၊ ဘွဲ့ရသူများ၏ (၁၀)နှစ်ပြည့်၊ နှစ်(၂၀)ပြည့် အထိမ်းအမှတ် စသည်ဖြင့် အာစရိယ ဆရာများကို ပူဇော်ကန်တော့ကြသည်။

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မင်္ဂလာမည်၏။ တွံတေးသိန်းတန် သီဆိုခဲ့သော ''အသီးတစ်ရာ၊ အညာတစ်ခု''သီချင်းတွင် ရေစပ်ထားသကဲ့သို့ ရွာကျောင်းတွင် ငယ်စဉ်မှစ အတူတကွ ပညာဆည်းပူးခဲ့သူများသည် အလုပ် တာဝန်ကိုယ်စီ၊ လုပ်ငန်းဌာန အသီးသီးတွင် အသက်မွေးဝမ်းကျောင်းကိုယ်စီဖြင့် မြန်မာနိုင်ငံ တစ်နံတစ်လျား ပြန့်ကျဲရောက်ရှိနေကြသူများဖြစ်သည်။ အာစရိယ ပူဇော်ပွဲများက ထိုသူများကို ပြန့်လည်ပေါင်းစည်းပေးသည်။ အာစရိယပူဇော်ပွဲ ဖြစ်ခြောက်ရေးအတွက် စုဝေးတိုင်ပင် စည်းရုံးနှိုးဆော်၍ပြန့်လည်တွေ့ဆုံခွင့်ကြသည်။ အာစရိယပူဇော်ပွဲတွင် စကားလက်ဆုံ ပြောမကုန်အောင် ရှိကြသည်။ ငယ်သူငယ်ချင်းများ တစ်ဦးလိုအပ်ချက် တစ်ဦးဖြည့်ဆည်း ကူညီနိုင်ကြသည်။ ဆရာတပည့်များပြန့်လည်တွေ့ဆုံကြသည်။ တိုင်းပြည်တာဝန်ကို ဘက်ပေါင်း စုံမှ ကျရောကဏ္ဍအသီးသီး၌ တာဝန်ထမ်းဆောင်နေကြသော တပည့်များကို တွေ့ဖြင့်၍ ဝမ်းသာပီတိဖြစ်နေကြသော ဆရာကြီး၊ ဆရာမကြီးများကို မြင်တွေ့ ရနိုင်သည်။ ဆရာတပည့်များ တစုတဝေးကြီး ပြန်လည်ဆုံတွေ့ရသောအခါ မည်မျှရာထူးဖြင့်ပင် ဖြစ်ပါစေ ဤကျောင်းတွင် ငယ်စဉ်က ဆရာတပည့်၊ ကျောင်းသားများအရွယ်အဖြစ်သာ ပြန်လည်ခံစားမိစေပါသည်။ ဆရာမကြီး များကလည်း ''**ဟဲ့-ဘယ်သူ့ကော**''၊ ''**ခုဘယ်မှာလဲ**'' စသဖြင့် မပါလာသည့် သူငယ်ချင်းများကို မမေမမျော့ မေးတတ်ကြသည်။

ဆရာ့တာဝန်၊ ဆရာ့ကျင့်ဝတ်များမှာ တပည့်များကို စာပေပညာ သင်ကြားပေးရုံမျှမက လိမ္မာယဉ်ကျေးအောင်ဆုံးမပေးပြီး ဘေးရန်ဆီးကာ ပေးရေးနှင့် ဘဝရှေ့ရေးအတွက် သင့်လျော်ရာရာ လမ်းညွှန်ပို့ဆောင်ပေးရန် ဖြစ်သည့်အားလျော်စွာ ဆရာများကို လူ့ဘောင်အဖွဲ့အစည်းတွင် ဦးဆောင် ဦးရွက်ပြုသည့်နေရာဌာနထား၍ လေးစားရိုကျိုး တန်ဖိုးထားကြသည်။ အရည် အသွေးရှိသောပညာရေး ဖြစ်လာစေရန်အတွက် ဘက်စုံအရည်အချင်းပြည့်ဝ သည့် ဆရာများသည် အဓိက အခရာဖြစ်သည်ဆိုသည့်အချက်ကို မြန်မာ့ လူ့ဘောင်အဖွဲ့အစည်းအနေဖြင့် အစဉ်တစိုက် လက်ခံကျင့်သုံးလာခဲ့ပြီး ဖြစ် သည်။ တစ်ကမ္ဘာလုံးအနေဖြင့်လည်း ၂၁ရာစုတွင် ရင်ဆိုင်ကြုံတွေ့ရမည့် ပညာဧေတ်၏စိန်ခေါ်မှုများအား ရင်ဆိုင်ဖြေရှင်း ကျော်လွှားနိုင်မည့်လူစွမ်းအား အရင်းအမြစ်များကို လေ့ကျင့်မွေးထုတ်ပေးရာတွင် ဆရာများသည် အဓိက ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်နေမှုကို ဂုဏ်ပြုဖော်ညွှန်းသည့်အနေဖြင့် ၂၀၀၈ခုနှစ် ကမ္ဘာ့ဆရာများနေ့အတွက် ''(Teachers Matter) **ဆရာ သည်သာ အဓရာ**'' ဆိုသည့်ဆောင်ပုဒ်ကို ချထားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အမျိုးသားပညာရည် မြင့်မားရေးအတွက် ကဏ္ဍတစ်ရပ် အနေဖြင့် ဆရာ၊ ဆရာမများ တိုးမြှင့်မွေးထုတ်နိုင်ရေးနှင့် ဆရာ့အတတ်ပညာ အရည်အသွေးပြည့်ဝထက်မြက်ရေးတို့ကို အလေးထား ဆောင်ရွက်နေပါသည်။

ရှေးအစဉ်အဆက် အစဉ်အလာနှင့် ယနေ့တိုင် မြန်မာ့လူ့ဘောင် အဖွဲ့အစည်းတစ်ရပ်လုံးက ဤမျှအလေးအမြတ်ဆက်ဆံထားသည့် ဆရာ့ဂုဏ်ရည် ကို ဆင်ခြင်တုံတရားရှိရှိ ဆင်ခြင်ကာ ဆရာများ၏ ကျေးဇူးတရားကို အမြဲ သတိရှိရှိ ပြန်လည်ဆပ်ရွေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရန် တာဝန်ရှိသည်။

ရှေးအစဉ်အဆက် အစဉ်အလာနှင့် ယနေ့တိုင် မြန်မာ့ လူ့ဘောင်အဖွဲ့ အစည်း တစ်ရပ်လုံးက ဤမျှ အလေးအမြတ်နေရာထား ယုံမှတ်အားထားခံရသော ဆရာများ ဘက်ကလည်း မိမိတို့ကို တန်ဖိုးထားသတ်မှတ်မှုများနှင့် လျော်ညီစွာ တစ်သက် တာလုံး ''ထာဝရကျောင်းသား'' အဖြစ် ခံယူလေ့လာဆည်းပူးပြီး ဆရာ့ အရည်အသွေး ပြည့်ဝထက်မြက်မှသာ ထူးချွန်သည့်တပည့်များ။ အင်နှင့်အားနှင့် ပေါ်ထွန်းလာမည်။

ဆရာ၏ စာရိတ္တ၊ ကျင့်ဝတ်သိက္ခာနှင့် အမျိုးသားရေးမျှော်တွေးတတ်သည့် စိတ်ဓာတ် မြင့်မားခိုင်ကျည်မှသာ တိုင်းချုပ်ပြည်ချုပ်စိတ်ဓာတ် မြင့်မားထက်သန်ပြီး စာရိတ္တ မလျှိုင်တည်မတ်ခိုင်မာသည့် တပည့်များ တိုးပွားများပြားလာမည်။

အုတ်တွင်းမြို့မရေးကြီးနှင့် အထကကျောင်း၌ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်

အုတ်တွင်း ဇွန် ၁၃

ဝဲနားတိုင်း အုတ်တွင်းမြို့နယ် ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မြို့တွင်း သန့်ရှင်းရေးဆောင်ရွက်မှုကို ဇွန် ၃ ရက် နံနက်ပိုင်းက အုတ်တွင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ အုတ်တွင်းမြို့ရေးကြီးနှင့် အုတ်တွင်းအထကကျောင်းတို့တွင် ဆောင်ရွက်ကြသည်။ (**အပေါ်ပုံ**)

ထိုသို့ဆောင်ရွက်ရာတွင် လူမှုရေးအသင်းအဖွဲ့များ၊ အုတ်တွင်းမြို့နယ်စည်ပင် သာယာရေးအဖွဲ့ ဝန်ထမ်းများ ပါဝင်ဆောင်ရွက်ကြပြီး ဝဲနားတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးခင်မောင်ချို၊ ကောင်ငွေရိုင် ဒေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှမင်းထွဋ်တို့ ကွင်းဆင်းစစ်ဆေးရာ အုတ်တွင်းမြို့နယ် အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှူဆောင်အရာရှိ ဦးတင်ပိုင်နိုက္ခိတ္တ သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ (၃၁၆)

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ခုပေါင်းသစ်ပင်ခိုက်ပွဲ ဒိုက်ဦး၌ကျင်းပ

ဒိုက်ဦး ဇွန် ၁၃

ဒိုက်ဦးမြို့နယ် အထက ကျောင်းဝင်းအတွင်း၌ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်း ရေးနေ့ အထိမ်းအမှတ် သစ်ပင်ခိုက်ပွဲကို ဇွန် ၄ရက်က ကျင်းပရာ ဝဲနားတိုင်း သစ်တော ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်း၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးရဲထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းထွန်း ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သမ္မိုးသာသီးရေးရာအဖွဲ့နှင့် မြို့နယ်ခ်ေနှင့်ကလေးစောင့် ရောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နွေဖိုးသေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက စုပေါင်းစိုက်ပျိုးကြသည်။

အဆိုပါ စိုက်ပျိုးသော အပင်အမျိုးအစားမှာ ၁၀မျိုးဖြစ်ပြီး စိုက်ပျိုးပင် ၆၃၉ ပင်ကို လူသင်းအား ၄၂၅ ဦးဖြင့် စိုက်ပျိုးကြသည်။ (**မြို့နယ် မြန်/ဆက်**)



တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဝမ်ကောင်းရပ်ကွက် မြို့ရေးကြီး အတွင်း၊ အငြင် ခြင်းအန္တရာယ်ကာကွယ်ရေးအတွက် ခြင်ဆေးဖုန်ခြင်းလုပ်ငန်းကို အဖွဲ့ဝန်ထမ်းများဖြင့် မေ ၁၀ရက်က ဆောင်ရွက်ရာ ဦးစီးအရာရှိ ဦးတင်ဝင်းမောင် ကွင်းဆင်းကြည့်မံတံ ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဆားလင်းကြီး၌ ရွှေမြန်ပြည်သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ အမှုဆောင်သစ်ရွေးချယ်

ဆားလင်းကြီး ဇွန် ၁၃

ရွှေမြန်ပြည်သမဝါယမအသင်းလီမိတက်၏ ၂၀၀၈-၂၀၀၉အရပ်ရပ်ဆိုင်ရာ အစည်း အဝေးနှင့် မြို့နယ်သမဝါယမအသင်းစု ဖွဲ့စည်းရေးအစည်းအဝေးကို မေ ၂၄ရက် နံနက် ၁၀နာရီက ဆားလင်းကြီးမြို့နယ် သမဝါယမဦးစီးဌာနခန့် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်း သမဝါယမဦးစီးဌာနခန့် လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဌေး၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မြိုးဆောင်၊ မြို့နယ်သမဝါယမဦးစီးဌာနခန့် ဦးစီးအရာရှိ ဦးဌေးဝင်းတို့က အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ဆားလင်းကြီးမြို့နယ် သမဝါယမအသင်းစုအတွက် ဥက္ကဋ္ဌ ဦးသန်း မြင့်နှင့် အဖွဲ့ဝင်ငါးဦး၊ စာရင်းစစ်နှစ်ဦး ရွေးချယ်တင်မြှောက်ကြရာ အစည်းအဝေးသို့ မြို့နယ်သမဝါယမအသင်းစု ကိုယ်စားလှယ်များနှင့် ဦးစီးဌာနရှိ ဝန်ထမ်းများ တက်ရောက် ကြသည်။ (**မြို့နယ် မြန်/ဆက်**)

ခေတ်မီ မီးသတ်စခန်းသစ်ဆောက်လုပ်ရန် ပန္နက်တင် အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၃

လူဦးပိုမိုထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ခြောက်ဦးတွင်းလာမြို့နယ်ရှိ ငါးယွန်း နှစ်ထပ်သံဂူတန်ကရုန် ခေတ်မီအဆင့်မြင့် မီးသတ်စခန်းအသစ် ဆောက်လုပ်ခြင်း ပန္နက်တင်အခမ်းအနားသို့ တက်ရောက်၍ ပန္နက်တင်ပေးသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက ခေတ်မီအဆင့်မြင့် မီးသတ်စခန်းသစ် ဆောက်လုပ်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပန္နက်တင်

ထို့နောက်ဝန်ကြီးသည် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ သတ်မှတ်နေရာ အသီးသီး၌ ပန္နက်တင်ပေးကြပြီး ပန္နက်တိုင်များကို အမွေးနုံသာရည်များဖြင့် ပက်ဖျန်းကာ ပန္နက်တင် အခမ်းအနားကို ရပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်နှင့် ဟောပြောပွဲကျင်းပ

ဘီးလင်း ဇွန် ၁၃

ဘီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို ဇွန် ၁ရက် နံနက် ၇နာရီက ဒေါက်ရပ်ကျေးရွာအုပ်စု ရွှေဆင်ဒုံကျေးရွာ၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက် ပွဲတော်တွင် ပူးကဟိုး၊ သစ်ထိခိုး၊ မောက်မီ၊ ဆော်ရေးရှား၊ ယူကလစ်စသည့် သစ်မျိုးစုံ အပေါ် ၁၀၅၀ကို စိုက်ပျိုးခဲ့ကြသည်။ **(အမေါ်ဝဲ)**

တာဝန်ပေး

ဆက်လက်၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ အခမ်းအနားကို ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ဖြန့်ကျက်ပြီးနောက် ဖွင့်ပွဲအခမ်းအနားကို ဒုတိယဝန်ကြီးဌာန ဦးစီးအရာရှိ ဦးထန့်ရှင်းမုခ်က ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အချက်အလက်များ၊ တစ်သိမ်းဆောင်လျှင် ကျန်းသုံးပင်နှင့် ယူကလစ်၊ သစ်မာပင်၂၀ စိုက်ပျိုးရေးအတွက် သက်ဆိုင်ရာများသို့ တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၁၃

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း စတုတ္ထအကြိမ် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလဲပြ ဘုရားလမ်းရှိ Parkroyal ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သောမြင့်ကြူက အဖွင့်အမှာ စကားပြောကြားပြီး မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်းရှင်များအသင်း၌တွင် ဦးမောင်မောင်ဆွေက အမှာစကားပြောကြားသည်။

ဖတ်ကြားတင်ပြ

ယင်းနောက် ဒုတိယဥက္ကဋ္ဌ ဦးသက်လွင်တို့က အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်ရီတာမြင့်က ရာသုံး ဌေစာရင်းနှင့် လက်ကျန်စာရင်း ရှင်းတမ်းတို့ကို လည်းကောင်း ဖတ်ကြားတင်ပြ၍ အတည်ပြုချက် ရယူကြသည်။

ဖတ်ကြားတင်ပြ

ထို့နောက် ဒေါက်တာဆောင်မြတ်ကျော်က လေ့လောသင့်ဒေသများသို့ ယူဒါနိုးမှုနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး တွဲဖက်အတွင်းရေးမှူး(၁) ဦးတင်ထွန်းအောင်က တင်ပြချက်အဆိုများနှင့် အထွေထွေကိစ္စရပ်များကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းနှင့်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သောမြင့်ကြူက နိဂုံးချုပ်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့မွေးအတွင်းအပြင် သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ဧရာ ၂၉ရက်က ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးစောဝေနှင့် ဒုတိယဦးစီးမှူး(အခွန်) ဦးမြင့်ဆွေတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက်ပညာ စမ်းချောင်ဌာ သင်တန်းဆင်း

ရန်ကုန် ဇွန် ၁၃

စစ်ချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ စာကြည့်တိုက်ပညာ သင်တန်း (၁/၂၀၀၉)သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန်၁၁ရက်က မြို့နယ်ရုံး ရပ်မြင်သံကြား ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက သင်တန်းဆင်း အမှာစကားပြောကြား ပြီး **(အောက်ပုံ)** ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများဆီးမြှင့်ကြသည်။ အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းရှိ ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက် ကော်မတီဝင် သင်တန်းသား ၅၅ဦး တက်ရောက်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)



ရေစီးရေလာကောင်းမွန်ရေး ညောင်ရွှေဌာဆောင်ရွက်

ညောင်ရွေ ဇွန် ၁၃

ညောင်ရွေမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ညောင်ရွေမြို့တွင်း ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိရာ မေ၂ရက်က မြို့တွင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရုံးကြီးလမ်းတော ရေစီးမြောင်းကို အဖွဲ့ပိုင်ခြေကော်စက်ဖြင့် တူးဖော်ဆောင်ရွက်နေမှုအား အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့် လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဦးကျော်မိုးခိုင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မုံယခ်ဆေးဝါး အမှုပေါင်း ၂၂၈မှု မေလအတွင်း ပမ်းဆီးနိုင်ခဲ့

နေပြည်တော် ဇွန် ၁၃

၂၀၀၉ခုနှစ် မေလတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့မှ မူးယစ်ဆေးဝါးအမှုပေါင်း ၂၂၈မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၄၇၆မှု၊ ဘိန်းဖြူ ၆၃မှု၊ ဘိန်းညို တစ်မှု၊ ဘိန်းဆီ ၁၂မှု၊ အဆင့်မြှင့်ဘိန်း ၁၆မှု၊ ဆေးခြောက် ၂၅၅မှု၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၅မှု၊ ဘိန်းစာမှန့် ၁၀မှု၊ ဘိန်းစာရည် တစ်မှု၊ ချောင်းဆိုးဖျောက်ဆေးရည်၊ ကက်တမင်းဟိုက်ဒရိုကလိုရိုဒ်ထိုးဆေး တစ်မှု၊ မှတ်ပုံတင်ပျက် တစ်မှု၊ အခြားအမှု လေးမှုတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

အမှုပေါင်း ၂၂စမှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၂၉၅ဦး၊ မ ၇၁ဦး စုစုပေါင်း တရားခံ ၃၆၆ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အောင်သုခ ရေစက်ရုံတွင် ရေဖြူပိပန့်အသစ် လဲလှယ်တပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်းများပြင်ဆင်မှုကို ဇွန် ၈ရက်က လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ အငယ်တန်း အင်ဂျင်နီယာ-၂(စက်မှု) ဦးဇော်လင်းနိုင် ဆောင်ရွက်လျက်ရှိရာသို့ အဖွဲ့အမှုဆောင်အရာရှိ ဒုတိယဥက္ကဋ္ဌကြားရေးမှူး ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာများ ဦးမြင့်စိုးတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

ရန်ကုန် ဇွန် ၁၃

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းနှင့် ပဲခူးတိုင်း တို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဆထက်ပိုတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ကျုံးပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြိုးခဲ့သည်။

မုတ်သားဖွယ်ရာမိုးရေရှိရှိများမှာ ကျိုက္ခမီမြို့တွင် ၃၃သမဝ လက်မ၊ ပေါင်မြို့တွင် ၂၁သမဂ္ဂလက်မ၊ ကျောက်ဖြူမြို့တွင် ၂၁သမဉ္စလက်မ၊ ရေမြို့တွင် ၂၁သမဉ္စလက်မ၊ ထားဝယ်မြို့တွင် ၂၁သမဝဝလက်မ၊ ဂွမြို့တွင် ၁၉သမ ၉၇လက်မ၊ ဘားအံမြို့တွင် ၁၁သမ၅၃လက်မနှင့် မော်တီမြို့တွင် ၁၁သမ၅၇လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

ဇွန် ၁၄ရက် ညနေအထိ ခန့်မှန်းချက်မှာ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်း တိုင်းဒေသကြီးပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျုံးပြည်နယ်နှင့် တိုင်းတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ အများအားပြင့် မုတ်သုံလေအားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွင် မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

မန်ယူကိုအသွင်သစ် ဖန်တီးမည့်ဖာဂူဆန်

ရေးသားတင်ပြသူ - မောင်မောင်မြင့်ဆွေ ■ စာမျက်နှာပွဲ့စည်းမှု - ကျင်သန်းဦး(မြန်မာ့အလင်း)

သက်တော်ရှည် နည်းပြဖာဂူဆန်

မန်ယူကိုအသွင်သစ်ဖြင့် ဖန်တီးမည့် သက်တော်ရှည် နည်းပြကြီး ဖာဂူဆန်။

လန်ဒန် ဇွန် ၁၃

ပရီမီယာလိဂ် လက်ရှိချန်ပီယံမန်ယူအသင်းဟာ ဒီနှစ်ခွေရာသီကစားသမားအပြောင်းအလွှေ့ ချေးကွက်မှာတော့ ဘောလုံးသမားတွေ ဝယ်ယူအားပြည့်ဖို့ ခြေလှမ်းကျဲကျဲနဲ့ လှမ်းရတော့မှာဖြစ်ပါတယ်။ မန်ယူရဲ့အားကိုးအားထားစရာ ကစားသမား စီရိုနယ်ပို့ ဒီးရဲမက်ဒရစ်ကို ပြောင်းရွေ့သွားခြင်းနဲ့ တီဗက်စ်လည်း မန်နီတီးကို ပြောင်းရွေ့ဖို့ စီစဉ်နေတာတွေဟာ မန်ယူအတွက် ကစားသမားအင်အားသာစေတဲ့ ပြည့်ဆည်းစေဖို့ အဓိကတွန်းအားတွေပဲ ဖြစ်ပါတယ်။

ဖာဂူဆန်ရဲ့အတွေး

မန်ယူရဲ့သက်တော်ရှည် နည်းပြကြီး ဖာဂူဆန်ဟာ သူဖန်တီးတည်ဆောက်ထားတဲ့ မန်ယူအသင်းနဲ့ ကစားသမားတစ်ဦးချင်းအကြောင်းကို နောက်ဆောင် သိထားသူဖြစ်ပါတယ်။ မန်ယူဟာပြီးခဲ့တဲ့ ဘောလုံးရာသီအပါအဝင် ကျန်တဲ့ ရာသီနှစ်ရာသီ စလုံးမှာ ပရီမီယာလိဂ်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သလို ၂၀၀၇-၂၀၀၈ ခုနှစ်က ချန်ပီယံလိဂ်ဖလားရရှိခဲ့တာမှန်ပေမယ့် တကယ်တစ်ဆန့် စစ်သုံးသပ်ကြည့်တဲ့အခါ ပရီမီယာလိဂ် ချန်ပီယံဆိုတဲ့ ဂုဏ်ပြဲမဲ့ ထိုက်တန်တဲ့ခြေခွင်မရှိခဲ့ကူးဆိုတာ ငွေးခဲ့ခဲ့ပါတယ်။ ကံတရားရဲ့ ဖေးမမှုနဲ့ ရှိတဲ့အားကို ညှစ်ထုတ်တတ်တဲ့ မိမိရဲ့ ဦးနှောက်အားတွေ အများကြီးထုတ်သုံးခဲ့ရတာကို ဖာဂူဆန် သုံးသပ်မိခဲ့တယ်လို့ ဆိုပါတယ်။ ဒါကြောင့် အသွင်သစ်တဲ့မန်ယူအသင်း ဖြစ်ထွန်းလာဖို့ ပြိုင်ဘက်တိုင်း ဖြန့်ဖြိုးတုန်းအောင် ဖြစ်သွားစေမယ့် အခြေအလဲတွေ ပြုလုပ်ဖို့ ဒီနှစ်ခွေရာသီက စပြီး ဆောင်ရွက်တော့မှာ ဖြစ်ပါတယ်။

ပထမဆုံးခြေလှမ်း

ဖာဂူဆန်ရဲ့ ကစားသမားအသစ် ခေါ်ယူဖြည့်ဆည်းရေး ခရီးအစ ပထမဆုံးခြေလှမ်းအဖြစ် ဒီဂန်အင်းကက ကွင်းလယ်တို့ကိစ္စများ ဇလင်စီယာကို ခေါ်ယူဖို့ ဆုံးဖြတ်လိုက်ပြီး တရားဝင်ဆွေးနွေးမှုတွေ ပြုလုပ်နေတာဟာ အပြီးသတ်သဘောတူညီမှု ရရှိတော့မှာဖြစ်တယ်လို့ ဆိုပါတယ်။

ဒီဂန်အသင်းဥက္ကဋ္ဌ ဒေဒီဝီလန်နဲ့ ဖာဂူဆန်တို့ သဘောတူညီချက်ရရှိခဲ့ပြီး ဇလင်စီယာရဲ့ ပြောင်းရွေ့ကြေးကို ပေါင်း ၁၆သန်းအဖြစ် မန်ယူတို့ပေးတာကို ဒီဂန်တို့က လက်ခံခဲ့လို့ အခုဆိုရင် အပြီးသတ် စာချုပ်လက်မှတ်ရေးထိုးဖို့ပဲ ကျန်ရှိတော့တယ်လို့ ဆိုပါတယ်။

လေ့လာစောင့်ကြည့်

တကယ်တော့ အသက် ၂၃နှစ် အရွယ် ရှိတဲ့ ဇလင်စီယာကို ဖာဂူဆန်စောင့်ကြည့်ခဲ့တာ မနှစ်ကတည်းကဖြစ်ပြီး သူရဲ့ခြေစွမ်းကို ပြီးခဲ့တဲ့ ဘောလုံးရာသီ တစ်ရာသီလုံး အဓိကိုယူ လေ့လာနေခဲ့တာဖြစ်ပါတယ်။ အိကွေဒေါ်နဲ့ ဝီဂန်ကွင်းလယ်တိုက်စစ်မှူး ဇလင်စီယာဟာ အရည်အချင်းပြည့်ဝပြီး ခြေစွမ်းထက်တဲ့အပြင် နေရာစုံမှာ ကစားနိုင်တဲ့ ဘောလုံးသမား ကောင်းတစ်ဦးဖြစ်တယ်ဆိုတာ ဖာဂူဆန် ကောင်းကောင်း သိခဲ့ရလို့ အခုလို စီရိုနယ်ပို့အသင်းက ထွက်ခွာချိန်မှာ ချောင်ခေါ်ယူဖို့ ဆုံးဖြတ်ခဲ့တာပဲ ဖြစ်ပါတယ်။

နောင်နေး

ဇလင်စီယာကို ခေါ်ယူဖို့အပြီးသတ် စာချုပ်လက်မှတ် မထိုးနိုင်သေးတာဟာ ဒီဂန်အသင်းမှာ ဇလင်စီယာဟာ အဓိက ကစားသမားဖြစ်နေပြီး ဒီဂန်အသင်းရဲ့ အောင် မြင်မှုကို ထိခိုက်သွားစေနိုင် တယ်လို့ ဒီဂန်နည်းပြသစ် ရောဘာတိုမာတီနက်ဇ်က ထောက်ပြနေတာဖို့ နောင့်နေးမှု ရှိနေတာဖြစ်ပါတယ်။

မန်ယူနည်းပြ ဖာဂူဆန်ဟာ ဒီနှစ် ဘောလုံးသမားသစ် ဖြည့်ဆည်းရေးမှာ ခေါ်လာသူနဲ့ ၁၀၀ ကျော် သုံးစွဲခွင့်ရရှိထားတာကို ဖာဂူဆန်ရဲ့ ပစ်မှတ်တွေဖြစ်တဲ့ လိုင်ယွန်မှ ဘင်ဒီဇာ၊ ဘိုင်ယန်မြူးစစ်မှ ရစ်ဘာရီဂို့ကို ရရှိဖို့ ခြေလှမ်းသွက်သွက်နဲ့ လက်ဦးမှုရအောင် ကြိုးစားနေပြီ ဖြစ်ပါကြောင်း။ ။

(အင်တာနက်)

အားကစားသတင်း အတိုအထွာ

စီရိုနယ်ဒို ထွက်ခွာသွားခြင်းမှာ ဆုံးရှုံးမှုဟု နာနိုပြောကြား

မန်ယူကောင်ပတစားသမား စီရိုနယ်ပို့ ဦးရဲမက်ဒရစ်သို့ ပြောင်းရွေ့သွားခြင်းမှာ မန်ယူအတွက် ဆုံးရှုံးမှု တစ်ရပ်ဖြစ်ပြီး အသင်းအောင်မြင်မှုကို ထိခိုက်စေနိုင်ကြောင်း ကစားဖော်နာနိုက ပြောကြားလိုက်သည်။

မာတင် နယူးကာဆယ်၌ ဆက်ကစားမည်

နယူးကာဆယ်အသင်းပိုင်ရှင် အခြေအလဲမည်သို့ပင်ဖြစ်စေကာမူ နယူးကာဆယ်အသင်း၌ပင် ဆက်လက်ကစားမည်ဟု တိုက်စစ်မှူး မာတင်က ပြောကြား သည်။

ဘီနာယောင်ဘာစီလိုနာသို့ ပြောင်းရွှေ့မည်

လီဗာပူးကွင်းလယ်ကစားသမား ဘီနာယောင်သည် လီဗာပူး၌ ပုံမှန်ပွဲထွက် ကစားခွင့်မရသဖြင့် ဘာစီလိုနာသို့ ပြောင်းရွှေ့ကစားရန် ဆက်သွယ်မှုများ ပြုလုပ်နေပြီဟု ၄င်း၏အေးဂျင့်က ပြောကြားသည်။

ရွာက်ဖ်ရှင်ကိုအား အေစီမီလန်အပြီးသတ်ခေါ်ယူလို

ချယ်လ်ဆီးမှ အေစီမီလန်သို့ အငှားချထားသော တိုက်စစ်မှူး ရွက်ရှ်ရှင်ကိုအား အေစီမီလန်အသင်းက အလွတ်ပြောင်း ရွှေ့မဖြင့် အပြီးသတ် ခေါ်ယူလိုကြောင်း ထုတ်ဖော်ပြောကြားသည်။

မန်စီးတီးတိုက်စစ်မှူး အီဗန်စ်အား ရွက်ဖီးလ် ခေါ်ယူမည်

မန်စီးတီးသို့ ပုံမှန်ပွဲထွက်ခွင့်မရသေးသည့် တိုက်စစ်မှူး အီဗန်စ်အား ရွက်ဖီးလ်ယူနိုက်တက်ကလပ်က ပြောင်း ရွှေ့ကြေးပေါင် ၁၁သမ္မာသန်းဖြင့်ပေး၍ ခေါ်ယူလို ကြောင်း ပြောကြားသည်။

လာဒီဇီအားလီဗာပူးခေါ်ယူရန်ကမ်းလှမ်း

စီးရီးအောကလပ် နာပိုလီအသင်းမှ အာဂျင်တီးနား တိုက်စစ်မှူးလာဒီဇီအား ခေါ်ယူလိုကြောင်း တရားဝင် ကမ်းလှမ်းလိုက်သည်။ လာဒီဇီကလည်း လီဗာပူး၌ ကစားလိုကြောင်း ပြောကြားသည်။

သောမက်စ်ဆိုရန်ဆင် ဘိုင်ယန်မြူးနစ်သို့ ပြောင်းမည်

စတုတ်စီးတီးပိုးသမား သောမက်စ်ဆိုရန်ဆင်က ဂျာမနီကလပ်တိုင်ယန်မြူးနစ်သို့ ပြောင်းရွှေ့ကစားမည် ဖြစ်ကြောင်း၊ စတုတ်စီးတီး၌ မိမိပုံမှန်ကစားရန် အခွင့်အရေးမရနိုင်ကြောင်း ၄င်းက ပြောကြားသည်။

ယာယာတိုရေးအား မန်ယူစိတ်ဝင်စားနေ

ဘာစီလိုနာကစားသမား ယာယာတိုရေးအား မန်ယူကခေါ်ယူရန် စိတ်ဝင်စားနေကြောင်း၊ မန်ယူ နောက်တန်း ခံစစ်အားဖြည့်ရန် လိုအပ်နေကြောင်း သိရသည်။

မန်စီးတီးက လက်စ်ကော့အားခေါ်ယူမည်

ဆဲဗာတန်းအသင်း နောက်တန်းခံစစ်မှူး လက်စ်ကော့အားခေါ်ယူမည်ဖြစ်ကြောင်း၊ လက်စ်ကော့သည် နောက်တန်းခံစစ်မှူးကောင်းတစ်ဦးဖြစ်ကြောင်း မန်စီးတီးက ပြောကြားသည်။

ချယ်လ်ဆီးက ယူဂျီဇာကော့ဗ်အား ခေါ်ယူမည်

ချယ်လ်ဆီးက ရုရှားကလပ် စီအက်စ်ကေအေ မော်စကိုအသင်းမှ ယူရီစာကော့ဗ်အားပေါင်းသုံး ၂၀ ဝေး၍ ခေါ်ယူလိုကြောင်း တရားဝင်အကြောင်းကြား လိုက်သည်။

မောင်ချစ်ကြည် စုစည်းတင်ပြသည်

မြင့်မောင်မိုး စုစည်းသည်

ဂိုးသမားဗာဘီယန်စကီအား အာဆင်နယ် ကာလရှည်စာချုပ်

လန်ဒန် ဇွန် ၁၃

အာဆင်နယ် လူငယ်ပိုးသမား လူးကက်ဖ်ဖာဘီယန်စကီ(၁၉)သည် ပရီမီယာလိဂ် ကလပ် အာဆင်နယ်နှင့် ကာလရှည်စာချုပ် သစ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်သည်။

ဖာဘီယန်စကီသည် လက်ရှိ ဂိုးသမား အယ်လ်ယူနီယာ၏ နောက်တွင် ဒုတိယ ဂိုးသမားအဖြစ် တည်ရှိသည်။ အသက် ၂၄နှစ်ရှိ အဆိုပါဂိုးသမားအား အာဆင်နယ်က ၂၀၀၇ခုနှစ်တွင် လက်ဂီယာဝါဆော ကလပ်မှ ခေါ်ယူခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ယူအက်စ်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ အဓိကပြိုင်ဘက်လေးဦးပါဝင်

မဓ်ဖစ် ဇွန် ၁၃

ယူအက်စ်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ လက်ရှိချန်ပီယံတိုက်ဂါးဝုဒ်(ယာဒုံ)သည် ပထမနှစ်ကျော့တွင် နာမည်ကြီး ချန်ပီယံသုံးဦးနှင့် အပြိုင်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ယင်းပြိုင်ဘက် ချန်ပီယံများမှာ ဗြိုးခဲ့သည့်နှစ်က ဗြိတိသျှအိုးပင်းနှင့် ပီဂျီအေ ချန်ပီယံဟာရင်တန်နှင့် မာစတာဖလားဆွတ်ခူးခဲ့သော ကာဘီရာတို့ပါဝင်သည်။

ထို့အပြင် ယူအက်စ်အိုးပင်းဖလားကို နှစ်နှစ်ဆက်တိုက် ဗိုလ်ရွှဲခဲ့ပုံးသည့် ဖေးလ် မိုက်ကယ်ဆန်လည်း ပါဝင်သည်။

(အင်တာနက်)



စီရိုနယ်ဒိုပြောင်းလာမည့် အရေးကကာဝမ်းမြောက်စွာကြိုဆို

မတ်ဒရစ် ဇွန် ၁၃

စီရိုနယ်ဒိုမန်ယူမှ ဦးရဲသို့ပြောင်းရွှေ့လာမည်ဖြစ်သည့်အတွက် ဝမ်းမြောက်စွာကြိုဆိုကြောင်း ဘရာဇီးကစားသမား ကာကာ(ဝဲ)က ပြောကြားလိုက်သည်။

ကာကာသည်အေစီမီလန်မှ ဦးရဲမက်ဒရစ်သို့ ယူရှိ ၆၅ သန်းဖြင့် ပြောင်းရွှေ့လာခြိုး ခြောက်နှစ်စာချုပ်ထားသည်။ ထို့အတူ စီရိုနယ်ဒိုကိုလည်း ယူရို ၉၄ သန်း (ပေါင်သန်း ၈၀)ဖြင့် ခေါ်ယူရန် သဘောတူထားခြင်းဖြစ်သည်။

စီရိုနယ်ဒိုနှင့် ကာကာတို့အတွဲ ဦးရဲမက်ဒရစ်တိုက်စစ်တွင် မည်သို့မည်ပုံပွဲထွက်ခင်းကျင်းလာမည်ကို ဘောလုံးပရိသတ်များ စိတ်ဝင်တစားဖြစ်နေသည်။(အင်တာနက်)

ဟာဘရီဂတ်စ်၏အနာဂတ် အာဆင်နယ်မှာသာဆက်ရှိမည်

လန်ဒန် ဇွန် ၁၃

အာဆင်နယ်အသင်းခေါင်းဆောင် ဟာဘရီဂတ်စ်၏ အနာဂတ်နှင့်ပတ်သက်၍ မေးခွန်းများပေါ်ထွက်လာခြင်းအပေါ် တွဲဖြန်သောအားဖြင့် အာဆင်နယ်အသင်းမှာ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း ၄င်းက ကတိပြုပြောကြားလိုက်သည်။

စပမ်ကလပ် ဂိုးရဲမက်ဒရစ်က လွန်ခဲ့သော သီတင်းပတ်က ကာကားအား စာချုပ်ခေါ်ယူနိုင်ခဲ့ပြီးနောက် ဟာဘရီဂတ်စ်(၁၉)ကိုလည်း ခေါ်ယူရန် ပစ်မှတ်ထားခဲ့သည်ဟု ဆိုသည်။

အသက် ၂၂နှစ်ရှိ ဟာဘရီဂတ်စ်သည် ဘာစီလိုနာ လူငယ်ဘောလုံးသင်တန်းကျောင်းမှ အာဆင်နယ်သို့ ရောက်ရှိခဲ့သော်လည်း စပမ်းသို့ ပြောင်းရွှေ့ရန် အစီအစဉ်မပြုရ ဆိုသည်။ ၄င်းသည် ၂၀၁၄ ခုနှစ်ဝိုင်းအောင် အာဆင်နယ်နှင့် စာချုပ်ထားသည်။ (အင်တာနက်)

စာချုပ်အမြန်ချုပ်ဆိုလို စီရိုနယ်ဒိုပြောကြား

လန်ဒန် ဇွန် ၁၃

ဂီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ကြေးပေါင်သန်းစဖြင့် စာချုပ်ရေးကိစ္စကို အမြန်စာချုပ်သွားလိုကြောင်း စီရိုနယ်ဒို(ယာဒု)က ပြောကြားသည်။

အသက် ၂၄နှစ်ရှိ ကောင်ပကစား သမား စီရိုနယ်ဒိုသည် ဦးရဲမက်ဒရစ် ကမ္ဘာ့စံနှိုက်တင် ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းခဲ့ခဲ့မှ အပေါ် သဘောတူညီခဲ့ပြီးနောက် ရေး အကြီးဆုံး ဘောလုံးသမား ဖြစ်လာသည်။

ပေါ်တူဂီကြွယ်ဖွင့် စီရိုနယ်ဒိုသည် လာမည့်သီတင်းပတ်တွင် ဘာနေဖျားသို့ ဆေးစစ်ခံရန် သွားရောက်ဖွယ်ရှိသည်။ ၄င်းအား ဦးရဲမက်ဒရစ်က တစ်နှစ်လျှင်ပေါင် ၉၁သမ္ဘာသန်းဖြင့် ခြောက်နှစ်စာချုပ်လိမ့်မည်ဟု မျှော်လင့်ရသည်။ (အင်တာနက်)

ဒေကိုချယ်လ်ဆီးတွင်မပျော်အသင်းမှ ထွက်ခွာလိုဟုဆို

လန်ဒန် ဇွန် ၁၃

ချယ်လ်ဆီးရောက် ပေါ်တူဂီကွင်းလယ် ကစားသမားဒေကိုက ၄င်းအရင်းနှီး ချယ်လ်ဆီးတွင် မပျော်ပိုက်ကြောင်း၊ အသင်းမှ ထွက်ခွာလိုကြောင်း ပီဒီယာများက ဖော်ပြသည်။

ဘရာဇီးနွယ်ဖွားဒေကို(၃၀)သည် ပြီးခဲ့သည့်နှစ်က ဘာစီလိုနာမှ ချယ်လ်ဆီးသို့ ပြောင်းရွေ့ခဲ့သည်။

ဗိမိအနေဖြင့် ချယ်လ်ဆီးတွင် အလွေ့အကြုံမရှိကြောင်း၊ နောက်ထပ်တစ်နေရာ၊ နောက်ထပ်စိန်ခေါ်မှု တစ်ရပ်ကိုသာ ရှာဖွေလိုကြောင်း အသက် ၃၁ နှစ်ရှိ ဒေကို က ပေါ်တူဂီဒီယာများသို့ ပြောကြားသည်။ (အင်တာနက်)

အုပ်စုတက်ရေးအဆုံးအဖြတ်ပွဲအဖြစ် ကမ္ဘောဇအသင်း အိမ်ရှင်ကလပ်ဒိုဒွိုင်းဒိုင်နမိုအသင်းနှင့် ယနေ့ ကစားမည်

ကာဂျစ်စတန် ဇွန် ၁၃ (ဖက်စ်)

AFC President's Cup ဘောလုံးပြိုင်ပွဲ အုပ်စု(ဂ)ဝဲစဉ်များ၏ အုပ်စုနောက်ဆုံးပွဲစဉ်များကို ဇွန်၁၄ရက် (**ယနေ့**) တွင် ကျင်းပမည်ဖြစ်ပြီး အုပ်စုတက်ရေး အဆုံးအဖြတ်ပွဲစဉ်အဖြစ် ကမ္ဘောဇအသင်းမှာ အိမ်ရှင် ကာဂျစ်စတန် ကလပ်အသင်းဖြစ်သည့် ဒိုဒွိုင်းဒိုင်နမိုအသင်းနှင့် ကစားရမည်ဖြစ်သည်။

အထူးကြိုးစား

အကြိမ်ပိုင်းလှပွဲတက်ရောက်နိုင်ရေး အဆုံးအဖြတ်ပွဲမကစားမီ ကမ္ဘောဇအသင်းသားများအား တွေ့ဆုံမေးမြန်းထားသည်ကို ဖော်ပြလိုက်ပါသည်။ နည်းပြချုပ် ဦးဆေးမောင်ကြီးက ''ကျွန်တော်တို့ အသင်းရဲ့ တိုက်စစ်များ စိုးမြတ်မင်း ဒီကိုလာခါနီးမှာ ဒဏ်ရာပြင်းပြင်းထိန်းထိန်းလိုင်း မလိုက်နိုင်လို့ ကစားပုံကိုပြောင်းခဲ့ရပါတယ်၊ ဝင်းမင်းထွဋ်ကို ရှေ့တင် ကစားခဲ့ရပါတယ်။ ရှေ့စစ်ပွဲမှာ အနိုင်ရဖို့အတွက် ခံစစ်ကို အသားမပေးဘဲ တိုက်စစ်ကို ဦးစားပေး ကစားခဲ့လို့ နှစ်ပွဲမှာ ငါးဂိုးပေးခဲ့ရပါတယ်။ ကျွန်တော်တို့ အသင်းက အနိုင်ရမှ အကြိမိုလိုလျှပ် တက်မှာဆိုတော့ ဒီနေ့ပွဲကို အနိုင်ကစားမှာပါ။ ပြိုင်ပွဲမှာ ဖိုလိုလျှပ် လေးကြိမ် တက်ထားတဲ့ အသင်းဖြစ်သလို အိမ်ရှင် အသင်းလည်းဖြစ်လို့ ကျွန်တော်တို့ အထူးကြိုးစား ကစားသွားမှာပါ။ အသင်းမှာ ဖျားနာနေတဲ့သူတွေ၊ ဒဏ်ရာရထဲသူတွေ ရှိလို့ အရန်အင်အားနည်းပေမယ့် အုပ်စုတက်ဖို့ကြိုးစားကစားမှာပါ''ဟုပြောကြားခဲ့သည်။

ကစားထားသည့် ခုစစ်ပွဲတွင် ငါးဂိုးသွင်းယူပြီး ဂိုးသွင်းရမ်းရည်ပြိုသနေသည့် တိုက်စစ်မှူး စိုးမင်းဦးက ''ကျွန်တော် တို့ရဲ့ အုပ်စုတက်ဖို့ အဆုံးအဖြတ်ပွဲဟာ အိမ်ရှင်အသင်းနဲ့ဖြစ်လို့ တော်တော်ခက်ခဲမှာပါ။ ကျွန်တော်တို့က သရေတောင်မရလို့ အနိုင်ရဖို့ အကောင်းဆုံးကစားသွားမှာပါ။ ကမ္ဘောဇအသင်းအုပ်စုတက်ဖို့ ကျွန်တော့် သွင်းဂိုးနဲ့ ကူညီနိုင်မယ်ဆိုရင်တော့ သိပ် ပျော်မိမှာပါ'' ဟု ပြောကြားခဲ့သည်။

နောက်ခံလူအေးဆန်းက ''အခုဆိုရင် အသင်းလိုက် ကစားပုံက တော်တော် ကောင်းနေပါပြီ၊ အဓိကကစားသမားတချို့ မကစားနိုင်မဖြစ်ပေမယ့် သုံးပွဲစလုံး အနိုင်ရ အောင် ကစားမှာပါ။ အသင်းတိုင်းဟာ သူ့ အဆင့်နဲ့သူရှိပေမယ့် အကောင်းဆုံးအသင်း က အိမ်ရှင်ကလပ် ဒိုဒွိုင်းဒိုင်နမိုအသင်းပါ'' ဟု ပြောကြားခဲ့သည်။

ကမ္ဘောဇအသင်းမှာ ကမ္ဘောဒီးယား ကလပ် ဖနောင်ပင်ကရောင်း အသင်းကို လေးဂိုး-သုံးဂိုး၊ ဘူလ်တန်ကလပ် မိုဒိခင် F.C ကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိထား သလို ကာဂျစ်စတန်ကလပ် ဒိုဒွိုင်းဒိုင်နမို အသင်းက မိုဒိခင် F.C ကို ခုနစ်ဂိုး-ဂိုး မရှိ၊ ဖနောင်ပင်ကရောင်း အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားပြီး နှစ်သင်း စလုံး ခြောက်မှတ်စီရထားသော အသင်း များဖြစ်သည်။

အရေးပါ

AFC President's Cup ဘောလုံးပြိုင်ပွဲကို အုပ်စုသုံးစုခွဲ၍ ကျင်းပခဲ့ခြင်း ဖြစ်ပြီး အုပ်စု(က)နှင့်အုပ်စု(ခ)မှာ ကျင်းပပြီးဖြစ်သည်။ အုပ်စု(ခ)မှာ သုံးသင်းသာ ရှိသောကြောင့် ကျန်အုပ်စု ခုစုတွင် အောက်ဆုံးနေရာခွဲရှိသည့် အသင်း၏ ရလဒ်ကိုပယ်ဖျက်ရာ ကမ္ဘောဇအသင်းမှာ အနိုင်ကစားရန် လိုအပ်နေခြင်းဖြစ်သည်။ ဒိုဒွိုင်းဒိုင်နမိုအသင်းမှာ ဂိုးတွေခြားချက် အသာရထားသောကြောင့် သရေကျလျှင်ပင် အုပ်စုတက်နိုင်စေသဖြစ်သည်။ အာရှ ဘောလုံးအဖွဲ့ချုပ်(AFC)မှာ အုပ်စု(သုံး) စုမှ ထိပ်ဆုံးသုံးသင်းနှင့် အကောင်းဆုံး အုပ်စုဒုတိယနေရာတစ်သင်းတို့သာ အကြိမိုလိုလျှပ်ကို တက်ရောက်ခွင့်ပေးထားရာ အုပ်စု(က)မှ တာဂျစ်စတန်ကလပ် ရီဂါတက်ဒ်အသင်း၊ အုပ်စု(ခ)မှ တာဇင်နုစတန်ကလပ် အက်ရှ်ကာမက် အသင်း တို့မှာ အုပ်စုတက်သွားစေဖြစ်ပြီး အုပ်စု(က)မှ ပါကစ္စတန်ကလပ် WAPDA အသင်းမှာ ရမှတ်လေးမှတ် ဂိုးကွာခြား ချက် (+၂)ဖြင့် လက်ရှိတွင် အကောင်းဆုံး အုပ်စု ဒုတိယအသင်း ဖြစ်နေသည်။ ကမ္ဘောဇအသင်းမှာ အုပ်စုတက်ရန် ယနေ့ပွဲ ကို အနိုင်ကစားရန် လိုအပ်နေပြီး သရေပွဲ ဖြစ်ခဲ့လျှင် အခွင့်အရေး နည်းသွားမည် ဖြစ်သည်။

(မြန်မာ့အလင်း)

ကမ္ဘောဇအသင်းအား ကာဂျစ်စတန်နိုင်ငံ Bishkek မြို့ တစ်နေရာတွင် တွေ့ရစဉ်။ (မြန်မာ့အလင်း)

မြန်မာလူငယ်ဝူရှူးအဖွဲ့ ရွှေ၊ငွေ၊ကြေးဆွတ်ခူးခဲ့

ရန်ကုန် ဇွန် ၁၃

မကာအိုတွင် ဇွန် ၅ ရက်မှ ၁၁ရက်အထိ ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် အာရှလူငယ်ဝူရှူးတံခွန်နိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်လေးခု ဆွတ်ခူးရရှိခဲ့သော အောင်ပွဲရ မြန်မာလူငယ်ဝူရှူးအဖွဲ့သည် ဇွန် ၁၁ရက် နံနက်ပိုင်းက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် မြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ မြန်မာ့နိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန် အပြည်ပြည် ဆိုင်ရာ လေဆိပ်ဝင်တွင် ကြိုဆို၍ နွတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

အဆင့် ၁၂

မြန်မာလူငယ် ဝူရှူးအဖွဲ့အတွက် ရွေတံဆိပ်ဆုကို စနှိုင်းက တုတ်ရှည်ပြိုင်ပွဲမှလည်းကောင်း၊ ငွေတံဆိပ်နှစ်ခုကို ဆိပ်မီမီက နန်းကွန့်ပြိုင်ပွဲမှတစ်ခုနှင့် ဝေဖြေးဆောင်က နန်းသောင်းပြိုင်ပွဲမှတစ်ခု၊ ကြေးတံဆိပ်လေးခုကို ဆိပ်မီမီက နန်းသောင်းပြိုင်ပွဲမှတစ်ခု၊ ငြိမ်းချမ်းကိုကိုက ထိုက်ချိုကျန်ပြိုင်ပွဲမှတစ်ခု၊ ထွန်းထွန်းဝင်းက အမျိုးသား ဆန်းဆို ၅၂ကီလိုမှ တစ်ခုနှင့် စန်းစန်းက အမျိုးသမီးဆန်းဆို ၅၂ကီလိုမှ တစ်ခုတို့ ရရှိခဲ့ခြင်းဖြစ်သည်။ ဆဆိပါ ပြိုင်ပွဲကို နိုင်ငံပေါင်း ၁၉နိုင်ငံမှ အားကစားသမား ၂၀၀ကျော် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး မြန်မာ့ဝူရှူးအဖွဲ့မှာ နိုင်ငံးဆလိုက် ဆုရရှိမှုတွင် အဆင့် ၁၂နေရာရရှိခဲ့သည်။ **(ဝူရှူးအဖွဲ့ချုပ်)**

ထီးချိုင့်မြို့နယ်၌ ပညာသင်စရိတ်ပေးအပ်

ရန်ကုန် ဇွန် ၁၃

စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းတွင် ပညာသင်ကြားနေသည့် ဝန်ထမ်းများ၏ သားသမီး ၂၈ ဦးအား ၂၀၀၉-၂၀၁၀ ပညာသင်နှစ် အတွက် ပညာသင်စရိတ် ပေးအပ်ပွဲကို ဇွန် ၁၂ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကော်စီဥက္ကဋ္ဌ ဦးနိုင်အေးနှင့် အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌ၏ဇနီးဒေါ်မေမျိုးအေးနှင့် အဖွဲ့ဝင်များတက်ရောက်ကြပြီး မြို့နယ် ဥက္ကဋ္ဌနှင့် ဇနီးက ဝန်ထမ်းများ၏ကိုယ်စား မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဖုန်းလွင်ထံ ပညာသင် စရိတ် ကျပ် ၁၁၅၀၀၀ ပေးအပ်သည်။ **(၁၁၃)**

သဃ်နိုးကျွန်းမြို့နယ်၌ ပညာသင်စရိတ်ပေးအပ်

ရန်ကုန် ဇွန် ၁၃

ရန်ကုန်(အရှေ့ပိုင်း)ခရိုင် သဃ်နိုးကျွန်း မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ၂၀၀၉-၂၀၁၀ပညာသင်နှစ် ပညာသင်စရိတ်နှင့် စာရေးကိရိယာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီက မြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရေးဦးဌာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်က အမှာစကားပြောကြားပြီး ဆထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့် မူကြို ကျောင်းသူ ကျောင်းသား ၃၆၅ဦးဆက္ခံတက် ပညာသင်စရိတ်နှင့် စာရေးကိရိယာ စုစုပေါင်း ငွေကျပ် ၃၄၄၀၀၀ ကို ဒုတိယ ဦးစီးမှူး ဦးတင်ငြိမ်းနှင့် ဌာနခွဲစာရေးကြီး ဦးတင့်ဆွေတို့ထံ ပေးအပ်သည်။

ပေးအပ်

ထို့နောက် ကျောင်းသူ၊ ကျောင်းသားများအား ပညာသင်စရိတ်နှင့် စာရေးကိရိယာများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်၊ မြို့နယ် မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်နန်းလီ၊ ဒုတိယဦးစီးမှူး ဦးတင်ငြိမ်းနှင့် ဌာနခွဲစာရေးကြီး ဦးတင့်ဆွေတို့က ပေးအပ်ကြသည်။ **(အပေါ်ပုံ)** **(၁၂၁)**

ကျောင်းနေအရွယ်ကလေးမျှားအား ပညာသင်စရိတ်ပေးအပ်

တောင်ငူ ဇွန် ၁၃

ကျောင်းနေအရွယ်ကလေးများအား ပညာသင်စရိတ်ပေးအပ်ခြင်း အခမ်းအနားကို ဇွန်၁၃ရက် ညနေ၄နာရီတွင် တောင်ငူမြို့ အမှတ်(၂) ရပ်ဝန်းရွေ့ နေ့ဈေးရုံရပ်ကွက် သေးခွံမြစ်သာယာရေးနှင့် ဖွံ့ဖြိုးရေးကော်စီရုံးခန်းမ၌ ကျင်းပရာ ရေးဦးဌာ မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးကြင်ဦးက လုပ်ငန်းဆောင်ရွက်ချက်နှင့် ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

ပေးအပ်

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးသိန်းနှင့် တာဝန်ခံသူများက လှူဒူရေးအသင်းအဖွဲ့ဝင်များအား ဝတ်စုံများ ချီးမြှင့်ပေးအပ်ပြီး အလှူရှင်များကိုယ်စား ရပ်မိရပ်ဖ ဦးလှရွှေက ကျောင်းနေအရွယ်ကလေး ၄၀ အား ပညာသင်စရိတ်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရန်

လစဉ် လဏ်ဒုတိယပတ် (တနင်္ဂနွေ)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေ) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရန် ဖြစ်သည်။

၂၀၀၉ခုနှစ် ဇွန်လအတွက်

(၁၄-၆-၂၀၀၉) ရက်နေ့

နှင့်

(၂၈-၆-၂၀၀၉) ရက်နေ့

မေ ၂၉ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ရိုးခွကျေးရွာ သစ်ပင်နိုက်ပျိုးပွဲကျင်းပရာ **မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်စီဥက္ကဋ္ဌ ဦးလွင်ဦး၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦး၊ မြို့နယ်သစ်တောဦးစီးဆရာရို့ ဦးမိုးနိုင်နှင့် သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးဆောင်း အဖွဲ့ဝင်များ အသေခံပြည်သူများ စုပေါင်း၍ ယူကလစ်ပင် ၅၄၀၀နှင့် ကျွန်း ၉၉၉ပင်ကို စုပေါင်းစိုက်ပျိုးကြစဉ်။** (၁၈၃)

ကမ္ဘာ့လူတုပ်ကွေး ပညာပေးဟောပြောပွဲ လင်းခေးဒ်ကျင်းပ

လင်းခေး ၉ နှစ် ၅

လင်းခေးခရိုင် လင်းခေးမြို့နယ် အေးချမ်းသာယာရေးနှင့် ပွဲ့ဖြိုးရေးကောင်စီကကြီးမှူးပြု မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ မေ ၁၄ရက် နံနက်၉နာရီက လင်းခေးမြို့နယ် ဒွယ်တီခန်းမ၌ ကမ္ဘာ့လူတုပ်ကွေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ကျင်းပသည်။(**အောက်ပုံ**)

ရှင်းလင်းပြောကြား

အခမ်းအနားတွင် နယ်မြေခံတပ်မှယ်မှ ဒုတိယဗိုလ်မှူးကြီး အောင်ချိုဦးက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်အေးချမ်း သာယာရေးနှင့်ပွဲ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်က ကမ္ဘာ့လူတုပ်ကွေး ပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပခြင်း နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဆောင်ကျော်ဇောက ကမ္ဘာ့လူတုပ်ကွေးရောဂါနှင့်စပ်လျဉ်း၍ ဟောပြောဆွေးနွေးသည်။

ပြန်လည်ဖြေကြား

ဆက်လက်၍ အဆိုပါရောဂါအကြောင်းများ၏ ရှင်းလင်း ဆွေးနွေးချက်များအပေါ် သိရှိလိုသောအချက်များအား ပြည်သူများ ကိုယ်စား ပုန်းညှင်းကျေးရွာမှ ဦးမိုင်းဝင်းနိုင်နှင့် ပင်ဝေါင်းကျေးရွာမှ ဦးမေထာတို့က အပြန်အလှန် မေးမြန်းဆွေးနွေးရာ အဆိုပါမေးမြန်း ချက်များကို ဒေါက်တာဆောင်ကျော်ဇောနှင့် ဒေါက်တာဇော်အောင်တို့က ပြန်လည်ဖြေကြား ဆွေးနွေးပေးကြသည်။

(ခရိုင် ပြန်/ဆက်)

မေ ၃၀ ရက်က ပြည်မြို့ မြောက်စောင်းတန်းလမ်းရှိ ဘူးခါးမြောင်းမကြီး ရေစီးရေလာကောင်းမွန်ရေးအတွက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ပွဲ့ဖြိုးရေးကောင်စီ(အောက်ပိုင်း) ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မိမိမြင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပဲခူးတိုင်း (အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမိုးလွင်တို့က ကြက်ခြေနီ၊ မီးသတ်၊ ဂျပ္ပုရေးအသင်းအဖွဲများ၊ ဌာနဆိုင်ရာများနှင့် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ အဖွဲ့ပိုင်စက်ယန္တရားများဖြင့် စုပေါင်း မြောင်းတူးတော်နေမှုကို ကြည့်ရှုစစ်ဆေး စဉ်။

(မြို့နယ်စည်ပင်)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ မိုးရာသီသစ်ပင်စိုက်ပွဲ အုတ်ဖို့ဦးကျင်းပ

အုတ်ဖို့ ဖွန် ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖို့မြို့နယ်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှဲး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ဖွန် ၅ ရက်က ကျရောက်ခဲ့သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ဖွန် ၁ရက် နံနက် ၇နာရီက အုတ်ဖို့မြို့နယ် လိပ်ဥကုန်းကျေးရွာ လမ်းဘေးဝဲယာ၌ ကျင်းပသည်။

စိုက်ပျိုး

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ပွဲ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်းနှင့်ဝန်ထမ်းများ၊ NGO အဖွဲ့ဝင်များနှင့် သေသခံပြည်သူများ စုစုပေါင်း ၅၂၇ဦး တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လှုပ်ရှဲးများကို ရှင်းလင်းပြီး မဓဇင်၊ ဆော်ရေးရှား စသည့် စုစုပေါင်း အပင်၁၀၀၀ကို စိုက်ပျိုးကြောင်းသိရသည်။ (**အောက်ပုံ**)

(မြို့နယ် ပြန်/ဆက်)

ရေဦးဌ အကြိုအခြေခံမီးသတ်သင်တန်းဆင်း

ရေဦး မေ ၃၀

ရွာဘိုခရိုင် ရေဦးမြို့နယ် ဝဲသကျေးရွာအုပ်စုတွင် အကြိုအခြေခံမီးသတ်သင်တန်း (၁/၂၀၀၉)သင်တန်းဆင်းပွဲကို မေ ၈ရက် ညနေ ၃နာရီက ရေဦးမြို့နယ် ဝဲသကျေးရွာ အုပ်စု အလယ်တန်းကျောင်း၌၌ ကျင်းပသည်။

ရေးဦးဈာ မြို့နယ်ဥက္ကဋ္ဌ ဦးတိုးတိုး ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့များ ဒုရဲမှူးဝင်းမြင့်က အရန် မီးသတ်တပ်ဖွဲ့များ ထပ်မံဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်၊ မီးလောင်မှု မဖြစ်ပွားရေးနှင့် မှုခင်းကျဆင်းရေး ဟောပြောသည်။

ရှင်းလင်းဟောပြော

ဆက်လက်ပြီး ရေဦးမြို့နယ်မီးသတ် ဦးစီးမှူး ဦးစန်းဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်လုပ်ငန်းတာဝန်များကို ရှင်းလင်း ဟောပြောသည်။

ဆွေးနွေး

ထို့နောက် မြို့နယ်ကြက်ခြေနီ ဒုတိယ တပ်ရင်းမှူး ဦးမောင်မောင်ဆွေက မြေတိုက် လှုနှာ ရှေဦးသူနာပြုခြင်းနှင့် အသက်ရှူ အားကူပြည်နည်းတို့ကို လက်တွေ့သရုပ်ပြ ဆွေးနွေးပြီး သင်တန်းသားများက ကျေးရွာ ပြည်သူများရှေ့တွင် မီးလောင်ပြင် မီးငြိမ်း သတ်နည်းနှင့် ဆီမီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းကို လက်တွေ့သရုပ်ပြ ကြသည်။

လက်တွေ့သရုပ်ပြ

အကြိုအခြေခံ မီးသတ်သင်တန်း (၁/၂၀၀၉)သင်တန်းသို့ ဝဲသကျေးရွာအုပ်စု မှ သင်တန်းသား ၃၇ဦးတက်ရောက်ကြက သင်တန်းကလ ရက်သတ္တနှစ်ပတ်ကြာ စာတွေ့လက်တွေ့သရုပ်ပြ သင်ကြားပေး သည်။

(မြို့နယ် ပြန်/ဆက်)

အားမာန်သစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် ငွေနှင့်စာအုပ်စာစောင်များလှူဒါန်း

စဉ်ကူး ဖွန် ၆

စဉ်ကူးမြို့နယ် ကျွန်းဦးကျေးရွာ အားမာန်သစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ပွဲတော်ပြောင်းပေးဆပ်ပွဲကို မေ ၂၁ရက် မွန်းလွဲ ၁နာရီက အဆိုပါကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ပွဲ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမိုင်းမောင်လူ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်နုန့် ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးချစ်ဌေးတို့က စာကြည့်တိုက်အဆောက် အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမိုင်းမောင်လူက အဖွင့်အမှာစကား ပြောကြားပြီး အလှူရှင်များက အားမာန်သစ်စာကြည့်တိုက်အတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးဆပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးမိုင်းမောင်လူက ငွေကျပ် ၂၀၀၀၀ နှင့် အသင့်ချုပ်ပြီး သတင်းစာများ၊ မြို့နယ်မိခင်နှင့်ကလေး ဆောင့်ရွက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်နုန်းစန်းလှိုင်က ငွေကျပ် ၅၀၀၀၀နှင့် သုတ၊ ရသ စာအုပ်များ၊ မြို့နယ်ဥပဒေ အမှဆောင်အရာရှိ ဦးမျိုးတင့်က ငွေကျပ် ၅၀၀၀၊ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးသာလွင်က စာအုပ်များစုံအုပ် ၂၀၊ ရွှံ့မကားမြို့နေ ဦးကျော်ဝင်း-ဒေါ်ညီမိသာစုက ငွေကျပ် ၂၀၀၀၀၊ ထုံးကြီးရွာနေ ဦးဆေး-ဒေါ်ခင်ရွှေ မိသားစုက ငွေကျပ်၅၀၀၀၀တန်ဖိုးရှိ သုတ၊ ရသစာအုပ်များစုံအုပ် ၁၅၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်များစုံအုပ် ၃၀၀၊ စဉ်ကူးမြို့နေ ဦးဝင်းမောင်-ဒေါ်သောင်းသောင်းဌေး မိသားစုက ငွေကျပ် ၈၈၀၀တန်ဖိုးရှိ စာအုပ်စာစောင်များကို ပေးဆပ်လှူဒါန်းကြရာ မြို့နယ်ဦးစီးဌာန၊ ကျေးရွာဥက္ကဋ္ဌနှင့် တာဝန်ခံရှိသူများက လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သစ်ပင်စိုက်ပျိုးပွဲ မန်စီဌာကျင်းပ

မန်စီ ဖွန် ၈

မန်စီမြို့နယ် အေးချမ်းသာယာရေးနှင့် ပွဲ့ဖြိုးရေး ကောင်စီက ဦးဆောင်၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်း ရေးအထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးပွဲကို မန်စီမြို့ ကောင်ရာဇပ်ဘွာတ် မန်စီ-ရွေကူကားလမ်းဘေးတွင် ဖွန် ၂ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ပွဲ့ဖြိုးရေး ကောင်စီအဖွဲ့ဝင် ခရုံးနားနိုင်၊ အတွင်းရေးမှူး ဒေါ်ဆုဇာ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းနိုင်ဝင်းကဖွင့်။ ယူကလစ်၊ သနပ်ခါပင်နှင့် ရေဖျိုးပင်များကို သက်ဆိုင်ရာသို့ ပေးအပ်ပြီး စုစုပေါင်း ဟျိုးပင် ၆၅၀ကျော်ကို စိုက်ပျိုးကြသည်။

တက်ရောက်

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ရာမညရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အတွင်း ဆောင့်ရွက်ဖျက်ရှိသော နီဇွတ်-ဆိုင်တို့-ဆိုင်သပြုလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဇောလှ ကြည့်ရှုစစ်ဆေးမှုရာ အမှဆောင်အရာရှိ ဦးဌေးလွင်ဝင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်နိုင်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ယင်းမာပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် (မြို့ပြ) ရန်ပုံငွေဖြင့် ဆောင့်ရွက်သော ကွတ်သစ်လမ်း မြပြင်ခြင်းလုပ်ငန်း အတွက် ကျင်းမြောများ စုဆောင်းထား ရှိမှုကို မေ၁၈ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ဒုတိယအင်ဂျင် နီယာမှူးကြီးဦးတင်မောင်လွင် ကွင်းဆင်း စစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ခင်ဦဌ စာအုပ်၊ စာစောင် တိုးပွားရေးဆွေးနွေး

ခင်ဦး ဖွန် ၁၀

စစ်ကိုင်းတိုင်း ရွှေဝိုခရိုင် ခင်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ဆန်းနှင့်အဖွဲ့သည် မေ ၁၈ရက် နံနက် ၉နာရီက ရွာစဉ် စံပြကျေးရွာ ပညာရွေးခိုး စာကြည့်တိုက်ဖွဲ့ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံ ပြီး စာအုပ်၊ စာစောင် တိုးပွားရေးအတွက် စာငှားကတ်ဖြင့် ငှားရမ်းခြင်းနှင့် စုဆောင်း ရရှိသည့် စာအုပ်များ စနစ်တကျထိန်းသိမ်းရေး ဟောပြောဆွေးနွေးပြီး မြို့နယ်ဦးစီးမှူးက သုတ၊ရသ၊ဂျာနယ်မျိုးစုံ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူးက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

ဖြန်မာ့စာအလင်းသတင်းစာခေကြေးခြာများ ဧအာက်ပါလိပ်စာများ၌ဆည်သွင်းနိုင်

ရန်ကုန် ဖွန် ၁၃

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၅၃၃၅၆၆** ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း (မဟာဗန္ဓုလလမ်းထောင့်)** ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၅၂၇၀၇၄၄ တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများလက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်ခေနရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

အမည်ပြောင်း

အဖ ဦးကျော်စိုး၏သား မုခ်မြို့ အထက(၁)တတ္တိုက်ခန်းမှ မောင်ကောင်းဇင်ထက်အား မောင်ဇင်သက်မင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဇင်သက်မင်း။

အမည်ပြောင်း

အမ ဦးဆန်းဦး၏ သားသမီးများ ဖြစ်ကြသော မုခ်မြို့ ကလော့သော့ အထကကျောင်း ယ္ဘုမာန်(ခ)မှ မအိသဒ္ဓသီးအား မအိဖုးငုံဟု လည်းကောင်း၊ ဒုတိယတန်းမှ မောင်ဝဏ္ဏာမင်းအား မောင်ရဲအောကာမင်းဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မအိဖုးငုံ
မောင်ရဲအောကာမင်း။

အမည်မှန်

အဖ ဦးမောင်လှကျော်၏ သား အထက(၂)စစ်တွေ တက္ကသိုလ်ဝင်တန်း(၂)မှ မောင်စိုးညွှန့်ထွန်း၏ အမည်မှန်မှာ မောင်စိုးညွှန့်ဖြစ်ပါသည်။

မောင်စိုးညွှန့်။

စာအုပ်စာပေ လူ့မိတ်ဆွေ

တရားဝင်အမှတ်-၁၄၁

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန်၊ သက်သေခံရန်လက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၄)

ရန်ကုန်တိုင်းတရားရုံး

၂၀၀၉ခုနှစ် တရားမအမွေထွေထွေမှုအမှတ်-၁၂၇

ဒေါ်သီသီခိုင်
အမှတ်-၃၆၉၊ မြည်သာယာလမ်း၊ **လျှောက်ထားသူ**
၁၆/၃ရပ်ကွက်၊သဃ်ိန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။

ရန်ကုန်မြို့၊ သဃ်ိန်းကျွန်းမြို့နယ်၊ ၁၆/၃ရပ်ကွက်၊ မြည်သာယာလမ်း၊ အမှတ်-၃၆၉အနေ ဒေါ်သီသီခိုင်က ကွယ်လွန်သူ ဦးထွန်းရွှေ၊ ဒေါ်ညွှန့်မြိုင်တို့၏ သမီးကြီး ဖြစ်သည်ဟူ၍ ရန်ကုန်မြို့၊ သဃ်ိန်းကျွန်းမြို့နယ်၊ ၁၆/၃ရပ်ကွက်၊ မြည်သာယာလမ်း၊ အမှတ်-၃၆၉အနေ ကွယ်လွန်သူ ဦးထွန်းရွှေ၊ ဒေါ်ညွှန့်မြိုင်တို့မှ ကျန်ရှိရစ်သော မမွေးဖွားသူဖြစ်၍ ရရန်ရှိသော မမွေးဖွားခင်ခရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရင်းကြေး ဘဏ်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ ထုတ်ပေးလိုကြောင်း ဤလျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများသူတို့ ဤကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄ငါးရက်အတွင်း ကျန်ရှိသူ ဦးထွန်းရွှေ၊ ဒေါ်ညွှန့်မြိုင်တို့မှ ကျန်ရစ်သော မမွေးဖွားမီ ကလေးဖြစ်စေ၊ ကျန်ရှိသူ ဦးထွန်းရွှေ၊ ဒေါ်ညွှန့်မြိုင်တို့မှ ကျန်ရစ်သော မမွေးဖွားမီ ကလေးဖြစ်စေ၊ ကျန်ရှိသူ လူဖူသမျှတို့သည် ဤရုံးသို့ ၂၀၀၉ခုနှစ် ဇွန် ၃၀ရက်တွင် လာရောက်ရမည်။ ၄ငါးရက်အတွင်း ကျန်ရှိသူ လူဖူသမျှတို့သည် ဤရုံးသို့ ၂၀၀၉ခုနှစ် ဇွန် ၃၀ရက်တွင် လာရောက်ရမည်။ ၄ငါးရက်တွင် လျှောက်ထားသူ ဒေါ်သီသီခိုင်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မရသင့်သည်ကိုကြောင်း၊ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၉ခုနှစ် ဇွန် ၁၀ရက်တွင် ဤရုံးတော်ဆိပ်ရိုက်ခိုင်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးဝင်းမြင့်
ဘွဲ့ဖက်တိုင်းတရားရုံး(၁၂)
ရန်ကုန်တိုင်းတရားရုံး။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္ထူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉/၀၁၃ ဟွန်ဒါအက်ကော့၊ ခလွန်းယာဉ်လက်ဝယ်ရှိသူ ခေါ်သင်းသင်းကြည် ၈/၀ကန(နိုင်)၀၀၆၂၉၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္ထူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ဦးလှဝေသာ အစောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ အရှေ့ပိုင်းခရိုင်ရုံး (ရန်ကုန်မြို့)။**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဓလပွတ္တ ၇ လမ်း၊ အမှတ် ၅၇၅(က)၊ မြေတိုင်းရုပ်ကွက်အမှတ်(ဃ)၊ မြေကွက်အမှတ် ၅၇၅ဒှ် ဟု ခေါ်တွင်သော ဂရန်မြေ(အထူး ၂၀×အနဲ ၆၀)ခန့်ရှိ မြေကွက်ကို ပိုင်ရေး ပိုင်ခွင့်ရှိသူဟုဆိုသော ဦးမိထွေး မှတ်ပုံတင်အမှတ် (ပိုင်ဆခ်ဒီ-၀၃၈၉၉၀)ထံမှ ကျန်ပ်၏အမှုသည်များက ဝယ်ယူကြမည်ဖြစ်ပါ၍ စရန်ငွေ တစ်စိတ်တစ်ပိုင်း ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဓညသူမဆို ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း သက်ဆိုင်ရာ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်း မူရင်းများကို ပြသ၍ ဤကြေညာချက်ပါသည့်ရက်မှ ငါးရက်အတွင်း ကျန်ပ်ထံသို့ဖြစ်စေ၊ ကျန်ပ်၏အမှုသည်ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ-
သန်လျင်-ဦးထွန်း
LL.B., C.B.L., D.B.L., D.M.L., D.L.L., DA Psy
တရားရုံးချုပ်ရှေ့နေ (၇၁၁၃)
အမှတ် ၆၂/၁၆၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။

မော်လမြိုင်ကျွန်း၌ မိုးစပါးစိုက်ပျိုးရန် တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ထုတ်ချေး

မော်လမြိုင်ကျွန်း ဖွန် ၈

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်တွင် မိုးရာသီလယ်ယာလုပ်ငန်းခွင် ဝင်ရောက်ကြမည့် တောင်သူလယ်သမားများအတွက် မော်လမြိုင်ကျွန်းမြို့နယ်တွင် ဖွဲ့စည်းထားသော စိန်ကျွန်းရတနာကုမ္ပဏီက မိုးစပါးစိုက်ပျိုးစရိတ် ငွေထုတ်ချေးပွဲကို ဖွန် ၂ ရက် မွန်းလွဲ ၁နာရီက မော်လမြိုင်ကျွန်းမြို့ ကမ်းနားကျေးငှက် ဓွောရုံခန်းမ၌ ကျင်းပသည်။

ယင်းစိုက်ပျိုးစရိတ် ငွေများကို မော်လမြိုင်ကျွန်းမြို့နယ် ခေါင်းရေကျော်မြင်းကုန်းကျေးရွာအုပ်စု၊ တန့်ဉကျေးရွာအုပ်စုနှင့် လင်းခွဲမဲဇလီကျေးရွာအုပ်စုတို့မှ တောင်သူလယ်သမား ၃၃၁ဦးတို့အား ငွေကျပ်သိန်းပေါင်း ၆၀ဝကို စိန်ကျွန်းရတနာကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝေဝေသန်းဦးနှင့် ဒါရိုက်တာအဖွဲ့တို့က တောင်သူလယ်သမားများ လက်ဝယ်အရောက် ထုတ်ချေးပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ စိန်ကျွန်းရတနာကုမ္ပဏီမှ မိုးရာသီလုပ်ငန်းခွင်ဝင် တောင်သူလယ်သမားများအတွက် မျိုး၊ ဓာတ်မြေဩဇာများကိုလည်း ဆက်လက်ပံ့ပိုးကူညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(၁၄၂)**

စဉ်ကူးပြီ သစ်တောစိုက်ခင်းထူထောင်ရန် တာဝန်ပေးအပ်

စဉ်ကူး ဖွန် ၅

ပြင်ဦးလွင်ခရိုင် စဉ်ကူးမြို့နယ် သစ်တောဦးစီးဌာန ၂၀၀၉-၂၀၁၀ခုနှစ် ကျေးလက်အိမ်ရာ ထူထောင်ရေးနှင့် ကျေးရွာပိုင် သစ်တောစိုက်ခင်း တည်ထောင်ခြင်းအတွက် တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်၊ သစ်မာပင် ၂၀နှင့် တစ်ရွာတစ်ကေ ကျေးရွာပိုင် သစ်တောစိုက်ခင်းများ ထူထောင်ရန် တာဝန်ပေးအပ်ပွဲနှင့် ပညာပေးဟောပြောပွဲကို မေ ၂၃ရက်က ပင်လယ်ကြီး သစ်တောဘိနယ်ရှိ ရွေပင်လယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ဥက္ကဋ္ဌ ဦးစိုင်းမောင်လူက အဖွင့်အမှာကား ပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဆွေသန်းက စိုက်ပျိုးရမည့် နည်းစနစ်နှင့် လုပ်ငန်းများအကြောင်း ပညာပေး ရှင်းလင်းပြောကြားသည်။

အသီးသီးပေးအပ်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူက ကျေးရွာဥက္ကဋ္ဌများအား တာဝန်ပေးအပ်လွှာများ အသီးသီး ပေးအပ်သည်။

(အပေါ်ပုံ)/(မြို့နယ် ဖွန်/ဆက်)

မြို့နယ် သတင်းများ

ကေ့ကွမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ရုံးရေ့ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဇော်မိုးဆောင် မေ ၁၄ရက်က ကွင်းဆင်းစစ်ဆေးရာ အမှဆောင်အရာရှိ ဦးတိုးဆောင်ယွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဝဲဖြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဆောင်ရွက်လျက်ရှိသော ဗိလပ်ရွဲလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှဆောင်အရာရှိ ဦးသိန်းဌေး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် အတွင်း ဆောင်ရွက်မည့် စိန်ဝိုင်း-ကျောက်ဆိုး ကျေးလက်ကျောက်ချောခင်းခြင်း ဆောင်ရွက်ရန် ကျောက်များစုဆောင်းထားရှိမှုကို မေ ၂၁ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပင်းတယစည်ပင် ရေပိုက်များပြုပြင်

ပင်းတယ ဖွန် ၅

ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရွှေမင်းဘုရားနှင့် မြို့ပေါ် ၁၀ရပ်ကွက်၊ သရက်ကုန်းကျေးရွာတို့သို့ ပန်းစစ်ကျေးရွာရေထွက်မှ ရေကို သွယ်ယူ၍ ခြောက်လက်ရေပိုက်များဖြင့် ဖြန့်ဝေပေးလျက်ရှိပြီး အဆိုပါ ရေသွယ်ပိုက်များ ပြုပြင်ခြင်း၊ အစားထိုးလဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုများကို မေ ၂ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်က ကြပ်မတ်ဆောင်ရွက်ပေးခဲ့သည်။ **(မြို့နယ် ဖွန်/ဆက်)**

ယာဉ်စစ်ဆေး

ပေါင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပိုင် ယာဉ်၊ စက်ယန္တရားများ ကောင်းမွန်ရေးအတွက် မေ ၁၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှဆောင်အရာရှိ ဦးကျော်လှကြီးကြပ် စစ်ဆေးဆောင်ရွက်စဉ်။ (၁၇၆)

ဥရောပသမဂ္ဂ(အီးယူ) ဥက္ကဋ္ဌ၏ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့မှုအပေါ်

နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းတစ်ရပ်ထုတ်ပြန်

နေပြည်တော် ဇွန် ၁၃

ဥရောပသမဂ္ဂ (အီးယူ) ဥက္ကဋ္ဌက ဇွန် ၁၁ ရက်တွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့မှုအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ရက်စွဲဖြင့် သတင်းတစ်ရပ်ထုတ်ပြန်ခဲ့သည်။

ယင်းသတင်းထုတ်ပြန်ချက်မှာ-

ဥရောပသမဂ္ဂ(အီးယူ) ဥက္ကဋ္ဌက ၂၀၀၉ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ရာ၌ မြန်မာ-ထိုင်း နယ်စပ်ဒေသတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မဟိုဒ်၊ (ကေအင်နယ်အယ်လ်အေ)အပေါ် မြန်မာ့တပ်မတော်နှင့် ၎င်း၏မဟာမိတ်တို့၏ ထိုးစစ်ဆင်နွှဲမှုကြောင့် အရပ်သားဆိုသူများ ထောင်နှင့်ချီ၍ ကရင်ပြည်နယ်အတွင်း ပဋိပက္ခဖြစ်ပွားရာနေရာမှ ထိုင်းနိုင်ငံအတွင်းသို့ ထွက်ပြေးတိမ်းရှောင်မှုများ ဖြစ်ပွားခဲ့ရသည်ဟု မဟုတ်မမှန်စွပ်စွဲကာ ယင်းအတွက် စိုးရိမ်မကင်းဖြစ်မိကြောင်း ဖော်ပြထားပါသည်။

အီးယူ ကြေညာချက်သည် သောင်းကျန်းသူအုပ်စုများထံမှ အရင်းခံသည့် တိကျခိုင်လုံမှုမရှိသော သတင်းများကိုအခြေခံကာ ထုတ်ပြန်ခဲ့ကြောင်း ထင်ရှားပေါ်လွင်ပါသည်။ ကြေညာချက်အား ဖော်ပြပုံအနေအထားသည် လက်နက်ကိုင်အုပ်စုနှစ်ဖွဲ့အကြား ပဋိပက္ခဖြစ်ပွားခဲ့ရသည့် အဓိကအကြောင်းရင်းများနှင့် အချက်အလက်မှန်များအပေါ် အီးယူဥက္ကဋ္ဌအနေဖြင့် လုံးလုံးလျားလျား နားလည်သဘောပေါက်မှုမရှိကြောင်း ထင်ထင်ရှားရှား ထင်ဟပ်ဖော်ပြနေပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးပြန်လည်ရရှိပြီးနောက်ပိုင်း ပြည်တွင်း သောင်းကျန်းမှုပြဿနာကို နှစ်ပေါင်း ၄၀ ကျော် တွေ့ကြုံရင်ဆိုင်ခဲ့ရခြင်းမှာလည်း အတိတ်သမိုင်းက ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲခဲ့အုပ်ချုပ်မှုစနစ်ဆိုး၏ အမွေဆိုးများဖြစ်ပါသည်။ မြန်မာနိုင်ငံအိုးရ၏ အမျိုးသားရည်မှန်းချက်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့နိုင်မြဲရေးဖြစ်သဖြင့် ပြည်ထောင်စုကြီးကို ပိုမိုစည်းလုံးညီညွတ်နိုင်မြဲစေရန် ကြိုးပမ်းတည်ဆောက်နေပါသည်။

သို့ဖြစ်၍ ယခင်အစိုးရအဆက်ဆက် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများ ပြဿနာကို တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုနိုင်မာစေရန် ရည်ရွယ်ချက်ဖြင့် ၁၉၈၉ ခုနှစ်မှ စတင်၍ အထက်ဖော်ပြပါပြဿနာအား စစ်ရေးအရ ဖြေရှင်းရေးကို ဖွန့်လွှတ်ကာ ငြိမ်းချမ်းရေးနှင့် လက်နက်လဲလှယ်ရန် အဆိုပြု ကမ်းလှမ်းဆောင်ရွက်ခဲ့ပါသည်။ အကျိုးဆက်ရလဒ်အနေဖြင့် လက်နက်ကိုင်အုပ်စု (၁၈)ဖွဲ့ရှိသည့်အနက် (၁၇)ဖွဲ့တို့သည် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိပါသည်။

ဥပဒေဘောင်ပြင်ပတွင် ကျန်ရစ်နေသည့် လက်နက်ကိုင်အုပ်စုဟူ၍ ကေအင်နယ်ယူတစ်ဖွဲ့သာ ရှိပါတော့သည်။ ယင်း၏အုပ်စုကဲ့များအနက် ဒီကောဘီအေနှင့် အခြားအုပ်စုကဲ့ အများအပြားတို့သည် တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လျက်ရှိကြသည်။ ကေအင်နယ်ယူ/ ကေအင်နယ်အယ်လ်အေ၏ ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ထိန်မောင် ဦးဆောင်ပြီး အဖွဲ့ဝင် (၃၀၀) ကျော် ပါရှိသည့် အဖွဲ့တစ်ဖွဲ့သည် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလတွင် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ပါသည်။ အလားတူပင် ၂၀၀၉ ခုနှစ် မတ်လအတွင်းကလည်း ကွယ်လွန်သူ ကေအင်နယ်ယူ/ ကေအင်နအယ်လ်အေ ဥက္ကဋ္ဌဟောင်း စောဘိုမြ၏ သားဖြစ်သူ စောနေစိုးမြသည် အဖွဲ့ဝင် (၇၁) ဦး၊ ၄င်းတို့၏ မိသားစုဝင် (၈၈)ဦးတို့နှင့်အတူ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ပါသည်။ အစိုးရနှင့် ငြိမ်းချမ်းရေး ဆောင်ရွက်လိုသည့် ကေအင်နယူ/ကေအင်နအယ်လ်အေ အဖွဲ့ဝင် အရေအတွက်မှာလည်း တစ်နေ့တခြား တိုးပွားလျက်ရှိပါသည်။

မြန်မာနိုင်ငံအရှေ့ပိုင်း၌ မကြာသေးမီက ဒီကောဘီအေနှင့် ကေအင်နယူ/ကေအင်နအယ်လ်အေ တပ်ဖွဲ့ဝင်များအကြား လက်နက်ကိုင်တိုက်ခိုက်မှုများ ဖြစ်ပွားရခြင်းအကြောင်းရင်းမှာ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူထားသည့် စောနေစိုးမြ၏အုပ်စုမှ ကျန်ရှိသည့်အဖွဲ့ဝင်များက ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုခြင်းအပေါ် ထိုင်းနိုင်ငံတွင် အခြေစိုက်သည့် ကေအင်နိယူ/ကေအင်နိအယ်လ်အေ တပ်ဖွဲ့ဝင်များက အင်အားသုံးဟန့်တားခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ အမှန်တကယ်အားဖြင့် အဆိုပါတိုက်ခိုက်မှုများမှာ ကေအင်နိယူ/ကေအင်နိအယ်လ်အေ တပ်ဖွဲ့ဝင်များနှင့် ဒီကောဘီအေတပ်ဖွဲ့များ အချင်းချင်းတိုက်ခိုက်ခြင်းသာဖြစ်ပြီး အဆိုပါ လက်နက်ကိုင်ပဋိပက္ခများအတွင်း မြန်မာ့တပ်မတော်တပ်ဖွဲ့ဝင်များအနေဖြင့် မည်သို့သော အခန်းကဏ္ဍကမှ ပါဝင်ပတ်သက်ခဲ့ခြင်း မရှိပါ။ သို့ဖြစ်၍ အစိုးရတပ်ဖွဲ့ဝင်များက ကရင်တိုင်းရင်းသားလူမျိုးစုအား ထိုးစစ်ဆင်ခဲ့နေကြောင်း အီးယူ၏ကြေညာချက်တွင် ဖော်ပြခဲ့ခြင်းမှာလည်း လုံးဝမှန်ကန်မှုမရှိသည့် အခြေအမြစ်မရှိသော ထုတ်ပြန်ချက်သာဖြစ်ပါသည်။

ကေအင်နိယူ/ကေအင်နိအယ်လ်အေတပ်ဖွဲ့များ၏ အကြွင်းအကျန်များသည် အရပ်သားများ နေထိုင်နိုင်ခြင်းမရှိသည့် မြန်မာ-ထိုင်း နယ်စပ်နေရာအချို့၌ ပုန်းအောင်းနေထိုင်ကြခြင်းဖြစ်ရာ နယ်စပ်ကို ဖြတ်ကျော်ထွက်ပြေးတိမ်းရှောင်သူများသည် အရပ်သားပြည်သူများမဟုတ်ဘဲ ကေအင်နိယူ/ကေအင်နိအယ်လ်အေ အဖွဲ့ဝင်များနှင့် ယင်းတို့၏မိသားစုဝင်များသာဖြစ်ကြောင်း ထင်ရှားပါသည်။ အီးယူ၏ ကြေညာချက်တွင် ဖော်ပြသကဲ့သို့ အရပ်သား အခြောက်အခြား နယ်စပ်ကို ဖြတ်ကျော်ထွက်ပြေးတိမ်းရှောင်မှုများ ဖြစ်ပွားခြင်းမရှိပါ။ ယင်းကဲ့သို့ ဖြစ်ရပ်မှန် အချက်အလက်များကို လျစ်လျူရှုလျက် နိုင်ငံတကာမှ မြန်မာနိုင်ငံအပေါ် နိုင်ငံရေးဖိအားပေးစေရန်ရည်ရွယ်ချက်ဖြင့် သတင်းဌာနအချို့က ထိုင်းနိုင်ငံအတွင်းသို့ ထွက်ပြေးတိမ်းရှောင်သည့် ကေအင်နိယူ/ကေအင်နိအယ်လ်အေတပ်ဖွဲ့ဝင်များနှင့် ၄င်းတို့၏ မိသားစုဝင်များကို ကရင်ဒုက္ခသည်များအဖြစ် ဖော်ပြကြခြင်း သာဖြစ်ပါသည်။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ သောင်းကျန်းသူပြဿနာအား ဂဃနဏ လေ့လာသုံးသပ်ခြင်းမပြုဘဲ နိုင်ငံရေးအရ ထိုးနှက်ရန် ဦးတည်ချက်ဖြင့် ထုတ်ပြန်သည့် အီးယူဥက္ကဋ္ဌ၏ ကြေညာချက်အပေါ် များစွာစိတ်ပျက်မိပါသည်။ သို့ဖြစ်ပါ၍ သောင်းကျန်းသူ အုပ်စုများထံမှ ရရှိသည့် တိကျခိုင်လုံမှုမရှိသော အချက်အလက်များနှင့် ဘက်လိုက်ဖော်ပြသည့် သတင်းများကို အခြေပြုကာ ထုတ်ပြန်ခဲ့သည့် မှန်ကန်မှုမရှိသော အီးယူဥက္ကဋ္ဌ၏ ကြေညာချက်ကို နိုင်ငံခြားရေးဝန်ကြီးဌာနက ပြတ်သားစွာ ပယ်ချလိုက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

View Point ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်အတွင်းရှိ သိန်းနီမြို့အထက် သိန်းနီ-ကွတ်ခိုင် ကားလမ်းမကြီး၏ အလှမြင်ကွင်း။

ဓာတ်ပုံ - မျိုးမင်းသိန်း(မုရမ်းကုန်း)

တိုးတက်ပြောင်းလဲလာသော နယ်စပ်ဒေသ သိန်းနီမြို့ မြင်ကွင်းအလှ

သတင်းခရီးသည်
မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း
မျိုးမင်းသိန်း(မရမ်းကုန်း)

စာမျက်နှာပွဲ့စည်းမှု
တိုးလွင် (မြန်မာ့အလင်း)

လားရှိုး ဇွန် ၁၃ (ဖက်စ်)

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသများအပါအဝင် နိုင်ငံတစ်ဝန်း စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကဏ္ဍများတွင် အရှိန်အဟုန်မြှင့် ဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းလုပ်ငန်းများဖြင့် တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

စီမံကိန်း

နိုင်ငံတော်က နယ်စပ်ဒေသအားလုံး လွှမ်းခြုံလျက် လိုအပ်သော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍများကို စီမံကိန်းများချမှတ် ဖော်ဆောင်ပေးခဲ့ရာ ယခုအခါ မည်သည့်ခေတ်ကာလကမျှ မရရှိခဲ့သည့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ဒေသခံတိုင်းရင်းသားပြည်သူများ လက်တွေ့ရရှိခံစားနေကြရပေပြီ။

စာမျက်နှာ ၉ ကော်လံ ၃ မှ